# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) မောက်မယ်မြို့နယ်၊ နောင်နင်း(တောင်)ဆည်၏ ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) လွိုင်လင်မြို့ပေါ်ရပ်ကွက် (၁)၊ (၂)၊ (၃)၊ (၄) တို့တွင် သောက်ရေ သုံးရေ အလုံအလောက်ဖြန့်ဝေပေးရန် နောင်တန်းကန်ရှိ ရေသွင်းရေထုတ်ပိုက်များ ပြုပြင်ခြင်း၊ ရေအနည်ချကန်အသစ်တည်ဆောက်ခြင်း၊ ရေစုကန်၊ ရေအနည်ချကန်အဟောင်းများအသုံးပြု၍ ရေပေးဝေခြင်း၊ မြကန်သာရေကန်မှ ရေပေးဝေ ရန်စီစဉ်ခြင်း၊ ကုန်းမြင့်နေရာများတွင် စက်ရေတွင်း၊ အဝီစိတွင်းများတူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၈ | (ဂ) ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက(၄၀၀၀၀) ကျော်အတွက် ရေလုံလောက်စွာ ပေးနိုင်ခြင်းမရှိဘဲ ခရမ်း၊ သန်လျင်မြို့နယ်များရှိ နွေစပါးစိုက်ဧက (၆၀၀၀) ခန့်ကို ရေပေးနေရခြင်းသည် အကျိုးရရှိမှု အလွန်နည်းသည့်အတွက် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | (ဃ) တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ချောင်းနယ် လက်ယာကမ်းဆည်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | (င) ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ရာတွင် စနစ်တကျ လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၁၁ | (စ) ရပ်စောက်မြို့နယ်၊ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတား ပေ (၅၀) ကို သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာ ဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၄ |
| ၁၃ | ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်မှ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၀ |
| ၁၄ | ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၅၉ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၇ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၃၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၈-၇-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ နောင်နင်း(တောင်)ဆည်၏ ရေထိန်းတံခါးနှင့် ရေဝင်လမ်း မြောင်းဆောင်များ ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့ပေါ်ရပ်ကွက် (၁)/(၂)/(၃)/(၄)တို့တွင် သောက်ရေသုံးရေ အလုံအလောက် ဖြန့်ဝေပေးရန် နောင်တောင်းကန်ရှိ ရေသွင်းရေထုတ်ပိုက်များ ပြုပြင်ခြင်း၊ ရေအနည်ချကန် အသစ်တည်ဆောက်ခြင်း၊ ရေစုကန်၊ ရေအနည်ချကန်**

**အပေါင်းများ အသုံးပြု၍ ရေပေးဝေခြင်း၊ မြကန်သာရေကန်မှ ရေပေးဝေရန် စီစဉ်ခြင်း၊ ကုန်းမြင့်နေရာများတွင် စက်ရေတွင်း၊ အဝီစိတွင်းများ တူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက (၄၀၀၀၀) ကျော်အတွက် ရေလုံလောက်စွာ ပေးနိုင်ခြင်းမရှိဘဲ ခရမ်း၊ သန်လျင်မြို့နယ်များရှိ နွေစပါးစိုက်ဧက (၆၀၀၀) ခန့်ကို ရေပေးနေရခြင်းသည် အကျိုးရရှိမှု အလွန်နည်းသည့်အတွက် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ချောင်းနယ်လက်ယာကမ်းဆည်အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ရာတွင် စနစ်တကျလမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပင်ဖြစ်–ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတား ပေ(၅၀)ကို သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာ ဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဂ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဃ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(င) ဦးကျော်စိုး၊ ဖန်းမောက် မဲဆန္ဒနယ်၊

(စ) ဒေါက်တာဒေါ်ခင်စည်သူ၊ လွိုင်ကော် မဲဆန္ဒနယ်၊

(ဆ) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(ဇ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဈ) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၊

(ည) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ဋ) ဦးရည်မွန်(ခ) မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၃၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၈ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၃) အရာတော်မဲဆန္ဒနယ်မှ ဦးခင်မောင်တင် ခွင့် ၁ ရက်၊

(၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၅) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၆) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၀) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၁၁) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၁၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၁၃) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်နှင့်

(၁၄) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ရွှေလှဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

### မောက်မယ်မြို့နယ်၊ နောင်နင်း(တောင်)ဆည်၏ ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် ကတိကဝတ်ဖြစ်၍ပယ်ဖျက်ခဲ့သော နောင်နင်း(တောင်)ဆည်ပြုပြင်မွမ်းမံခြင်းနဲ့စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်နင်း(တောင်)ဆည်သည် မောက်မယ်မြို့နယ်၏ အနောက်ဘက်ရှိ နောင်နင်းရေထွက်မှ ရေများကိုဆယ်ယူထားခြင်းဖြစ်ပြီး စိုက်ဧကပေါင်း ၁၀၀၀ ကျော်ကို နှစ်စဉ်ရေပေးဝေနေတဲ့ဆည်ကြီးတစ်ခု ဖြစ်ပါတယ်။ ရှေးစော်ဘွားများ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့သော စိုက်ပျိုးရေပေးဝေတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။ ရေထိန်းတံခါးမရှိတဲ့အတွက် နှစ်စဉ်မြေဖို့ခြင်းလုပ်ငန်းကို တောင်သူဦးကြီးများ စုပေါင်းဆောင်ရွက်ကြရပါတယ်။ ရေထိန်းပေါက်အပေါ်ဘက် ကိုက် ၈၀၀ နဲ့ ကိုက် ၁၀၀၀ ဝန်းကျင်မှာဆိုရင် မြောင်းကမ်းပါးတွေ အလွန်နိမ့်ကျခြင်း၊ ပေါက်နေခြင်းတို့ကြောင့် ရေထိန်းပေါက်ပိတ်တွေနှင့် စိုက်ပျိုးရေများလျှံကျဖြစ်ပေါ်နေပါတယ်။ ရေပေးဝေသောမြောင်းလက်တံများဆီသို့ စိုက်ပျိုးရေများ အလုံ အလောက်မရောက်ရှိနိုင်ပါ။ ဆည်တံခါးပိတ်ဆို့ထားသော်လည်း စိုက်ပျိုးမြေများသည်

မြောင်းပေါင်ဘေးဘက်သို့ အလဟသစီးထွက်နေပါသဖြင့် စိုက်ပျိုးရေဆုံးရှုံးမှုများဖြစ်ပေါ်နေပါတယ်။ ဒီမြောင်းပေါင်တွေကို ပြန်လည်ဖြောင့်တန်းခြင်း၊ ကမ်းပေါင်မြှင့်တင်ခြင်းလုပ်ငန်းတွေကို လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ လယ်ယာလုပ်ငန်းခွင်ပြီးစီးသည့် ရာသီမှာဆောင်ရွက်ပေးစေလိုပါတယ်။ ရေထိန်းပေါက်အတွက် မြေဖို့ဆောင်ရွက်မည့်အစား သင့်တော်သည့်ရေထိန်းတံခါးအမျိုးအစား ဆောင်ရွက်ပေးစေ လိုပါတယ်ခင်ဗျား။ ဤနောင်းနင်းဆည် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ပါရန် တောင်သူလယ်သမားအစုအဖွဲ့ တွေ့ဆုံပွဲမှာတင်ပြ တောင်းဆိုလာပါသဖြင့် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ မောက်မယ်မြို့နယ် တောင်သူလယ်သမားများ အားကိုးအားထားပြုနေရသော နောင်နင်း(တောင်)ဆည်၏ ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များ ပြုပြင်မွမ်းမံပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မောက်မယ်မြို့နယ်၊ တောင်သူလယ်သမားများ အားကိုးအားထားပြုနေရတဲ့ နောင်နင်း(တောင်)ဆည်ရဲ့ ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များ ပြုပြင်မွမ်းမံပေးနိုင်မည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ် မြို့နယ်အနီးမှာရှိတဲ့ နောင်နင်း(တောင်)ဆည်ဟာ သစ်ရိုက်ဝါးကပ်ကာဖြစ်ပြီးတော့ မြေအိတ်ဖြည့်တဲ့ နည်းလမ်းနဲ့ နောင်နင်းရေထွက်ကရေကိုလွှဲယူထားတဲ့ ယာယီရေလွှဲဆည်ဖြစ်ပါတယ်။ ဒေသမှကိုယ်ထူ ကိုယ်ထထိန်းသိမ်းဆောင်ရွက်နေတဲ့ ကျေးလက်ဆည်တစ်ခုဖြစ်ပြီးတော့ လယ်ယာမြေဧက ၁၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ အဆိုပါရေလွှဲဆည်ရဲ့ အထက်ဘက်နှင့်အောက်ဘက်မှာ ရှိတဲ့ ရေလျှံထိန်းတာပေါင် အလျားပေ ၁၀၀၀ ခန့်ဟာ နိမ့်ကျနေပြီးတော့ ရေပေးမြောင်းပေါင် ကျိုးပေါက်ပျက်စီးနေခြင်းတွေကြောင့် စိုက်ပျိုးရေများလေလွင့်ဆုံးရှုံးပြီး အခက်အခဲများဖြစ်ပေါ်လျက် ရှိတဲ့အတွက် ဒေသခံတောင်သူလယ်သမားများအနေနဲ့ မြေအိတ်၊ သဲအိတ်များနဲ့ပိတ်ဆို့ထားရပြီး ကိုယ်ထူကိုယ်ထဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေအခက်အခဲမရှိ

ပေးဝေနိုင်ရေးအတွက် ရေထိန်းတာပေါင် အလျားပေ ၁၀၀၀ ကို ပုံစံကျ မြေဖို့ပြုပြင်ခြင်းလုပ်ငန်း၊ ရေပေးတူးမြောင်းပေါင် ပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့် ရေပေးတူးမြောင်း ထိပ်မှာရှိတဲ့ ရေထိန်းတံခါးမှာ သစ်သားရေတံခါးရွက်တစ်ခု တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျငွေကတော့ ကျပ် ၅၈ သိန်း ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွက်ချက် ရရှိပါတယ်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ မူလရန်ပုံငွေမှာ ထည့်သွင်းတင်ပြလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လွိုင်လင်မြို့ပေါ်ရပ်ကွက် (၁)၊ (၂)၊ (၃)၊ (၄) တို့တွင် သောက်ရေသုံးရေ အလုံအလောက်ဖြန့်ဝေပေးရန် နောင်တန်းကန်ရှိ ရေသွင်းရေထုတ်ပိုက်များ ပြုပြင်ခြင်း၊ ရေအနည်ချကန်အသစ်တည်ဆောက်ခြင်း၊ ရေစုကန်၊ ရေအနည်ချကန်အဟောင်းများအသုံးပြု၍ ရေပေးဝေခြင်း၊ မြကန်သာရေကန်မှ ရေပေးဝေရန်စီစဉ်ခြင်း၊ ကုန်းမြင့်နေရာများတွင် စက်ရေတွင်း၊ အဝီစိတွင်းများတူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်မှ မဲဆန္ဒရှင်မိဘပြည်သူများနဲ့တွေ့ဆုံပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများကို ၂၀၁၇ ခုနှစ် မေလဆန်းပိုင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများမှ ၂၀၁၇ ခုနှစ် မတ်လကုန် ဧပြီလမှစ၍ သောက်ရေသုံးရေများအတွက် အခက်အခဲများရှိကြောင်း တင်ပြလာပါတယ်။ လွိုင်လင်မြို့ပေါ်ရပ်ကွက်များမှာ သက်ဆိုင်ရာဌာနမှ သောက်ရေသုံးရေရရှိရေးအတွက် နောင်တောင်း

ကန်မှပိုက်လိုင်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိသော်လည်းပဲ တချို့ရပ်ကွက်နေရာများမှာ ရေဖြန့်ဝေပေးနိုင်ခြင်းမရှိခဲ့ပါဘူး။ ကျန်ရှိလျက်ရှိပါတယ်။ ကုန်းမြင့်ပိုင်းများမှာတွင်လည်း ရေပိုက်သွယ်တန်းမှုရှိသော်လည်းပဲ ရေမရောက်ခြင်း၊ ရေအပတ်စဉ်အလှည့်ကျဝေနိုင်ခြင်းများလည်း ရှိခဲ့ပါတယ်။ မြကန်သာရေကန်မှလည်းရေတင်၍ ဌာနဆိုင်ရာများကိုပေးဝေမယ်လို့ သိရပါတယ်။ နောင်တောင်းကန်ရဲ့ရေမျက်နှာပြင်မှာ များစွာလျော့နည်းကျဆင်းသွားခဲ့ပြီးတော့မှ မြို့ပေါ်သို့ပေးပို့သည့် ရေများမှာလည်း အနည်အနှစ်များပြားပြီး သောက်သုံးရန်အတွက် အနည်ချပြီးမှအသုံးပြုရပါတယ်။ နွေရာသီမှာလည်း ရေပေးဝေမှုများ ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပါတယ်။ နေ့စဉ်အချိန်မီပေးဝေနိုင်ခဲ့ခြင်းမရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ လက်ရှိနောင်တောင်းကန်မှရေပိုက်လိုင်းများဟာ တစ်ချိန်ကနိုင်ငံခြားချေးငွေဖြင့်တည်ဆောက်ခဲ့ပြီး အနည်ချကန်တည်ဆောက်ရန်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်းလည်း သိရပါတယ်။ ရှေးယခင်ကနောင်တောင်းကန်မှ ရေပိုက်လိုင်းသွယ်တန်းပြီးတော့မှ ဆေးတပ်စွယ်အပေါ်ဘက်ကုန်းမြင့်နေရာမှာ ရေစုကန်၊ အနည်ချကန်များဖြင့် မြို့တွင်းသို့သန့်ရှင်းသော သောက်သုံးရေများပေးဝေခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။ နောင်တောင်းကန်ကနေပြီးတော့မှ ဆေးတပ်စွယ်အပေါ်ဘက်မှာရှိတဲ့ ရေစုကန်၊ ရေအနည်ချကန်များတို့ ပိုက်လိုင်းများသွယ်တန်းပြီးတော့မှ ရပ်ကွက်(၂)အတွင်းရှိ အိမ်ထောင်စုများသို့ သန့်ရှင်းသော သောက်ရေ၊ သုံးရေပေးဝေနိုင်မည်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ကုန်းမြင့်ပိုင်းမှာရှိတဲ့နေရာများမှာလည်း စက်ရေတွင်း၊ အဝီစိတွင်းများတူးပြီးတော့မှ ရေပေးဝေရန်အစီအစဉ်ရှိကြောင်းလည်း ကြားသိရသော်လည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်မယ့်အစီအစဉ် ကိုလည်း သိလိုပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ပေါ်ရပ်ကွက်များတွင် သန့်ရှင်းသောသောက်ရေသုံးရေ အလုံအလောက်ဖြန့်ဝေပေးရန် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်။ မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပြီးစီးပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။**
လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါမယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့ပေါ်မှာ ရပ်ကွက်လေးရပ်ကွက်ရှိပြီးတော့ လက်ရှိအချိန်မှာ အိမ်သွယ်ရေတိုင် ၈၃၆ တိုင်အား မြို့ရဲ့အနောက်တောင်ဘက် ၃ မိုင်ခွဲအကွာမှာရှိတဲ့ နောင်တောင်းရေကန်ကနေ အလိုအလျောက်စီးဆင်းတဲ့(Gravity flow)နဲ့ ရက်ပိုင်းအလိုက်ခွဲပြီး လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာနမှ နေ့စဉ်ရေပေးဝေလျက်ရှိပါတယ်။ လွိုင်လင်မြို့ရဲ့ အနေအထားဟာ အရှေ့အနောက်ကုန်းမြင့်များဖြစ်ပြီး နွေရာသီမှာ နောင်တောင်း ရေကန်ရေ လျော့နည်းတတ်တဲ့အတွက် တစ်မြို့လုံးရေရရှိရေးအတွက် ရေအလေအလွင့်နည်းပါးအောင် စနစ်တကျဖြန့်ဝေပေးလျက်ရှိပါတယ်။

လွိုင်လင်မြို့ရပ်ကွက်များရဲ့ ရေရရှိရေးနဲ့စပ်လျဉ်းပြီး မြကန်သာပတ်လမ်းဖောက်လုပ်ပြီး ရေဝပ်ဧရိယာမှော်ဆယ်ခြင်း၊ မြို့ရေပေးဝေရေးအတွက် ကွတ်ချိုးကန်တူးဖော်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၂၃၀ ကျခံဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ထိုလုပ်ငန်းတွေကို မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့က ၂၀၁၆ ခုနှစ် ဇွန်လအတွင်းမှာ အကောင်အထည်ဖော်ခဲ့ပြီးတော့ ဩဂုတ်လမှာ ပြီးစီးခဲ့ပါတယ်။

ကန်တစ်ပတ်လုံးပေပေါင်း ၁၁၀၀၀ ကို ကန်ပတ်လမ်းဖောက်လုပ်ဖို့ ကန်ရဲ့ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ ဒိုက်မှော်များဆယ်ယူခြင်း၊ သစ်သားလူကူးတံတားတည်ဆောက်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ Parapet ပြုလုပ်ခြင်း၊ ကျောက်ကြီးအစိုစီပြီး စတီးပိုက်လက်ရန်းတပ်ဆင်ခြင်းနှင့် မြကန်ရဲ့ Up Stream အပိုင်းမှာ သောက်သုံးရေအတွက် ရေဂါလန်နှစ်သန်းကျော် စုဆောင်းနိုင်မယ့် ရေစုကန်တူးဖော်ခြင်း၊ ရေစုကန်မှာ မြောင်းထိပ်ရေတံခါးတစ်လုံး၊ အရေးပေါ်ရေပိုလွှဲတစ်ခု လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးတော့ မြကန်သာရေကန်မှ 3 House Power မော်တာနဲ့ ဂါလန် ၃၀၀၀ ဆံ့ ရေကန်ကို ရေမောင်းတင်ပြီး ရပ်ကွက်(၁)အတွင်းမှာရှိတဲ့ ရုံး၊ ဌာန၊ အိမ်ခြေ ၁၇ လုံး၊ လူဦးရေ ၁၅၀၀ အတွက် ဖြန့်ဝေပေးရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

လှိုင်လင်မြို့ပေါ်ရပ်ကွက်လေးခုမှာ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိဖို့အတွက် နောင်တောင်းကန်မှ တိုးချဲ့ရေပေးရေးဆောင်ရွက်မယ်ဆိုရင် အနေ့းသဲရေစစ်ကန်၊ ရေစုကန်နှစ်ကန်၊ 30 House Power ပန့်နဲ့မော်တာတပ်ဆင်ခြင်း၊ PVC ပိုက်များသွယ်တန်းခြင်း၊ 50 KVA ထရန်စဖော်မာတပ်ဆင်ခြင်းနဲ့ 11 KVA ဓာတ်အားလိုင်းတပ်ဆင်ခြင်းလုပ်ငန်းတွေအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ် ၁.၀၆ ဘီလီယံကုန်ကျမှာဖြစ်ပါတယ်။

လှိုင်လင်မြို့နယ်စည်ပင်သာယာရေးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဝင်ငွေ လျာထားချက် ကျပ် ၁၅၇၈ သိန်းဖြစ်ပါတယ်။ ဝင်ငွေရဲ့ ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ငွေလုံးငွေရင်းအသုံး စရိတ် ကျပ် ၇၈၉ သိန်းနဲ့ မြို့ပြကတ္တရာလမ်းငါးလမ်း၊ ကျောက်ချောလမ်းနှစ်လမ်း၊ ကွန်ကရစ် တံတားနှစ်စင်း၊ မြို့တွင်းလမ်းပေါက်ဖာခြင်းနဲ့ မြို့ပြရေပေးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိကြောင်း တင်ပါအပ်ပါတယ်။ လှိုင်လင်မြို့ နောင်တောင်းရေထွက်ကနေ တိုးချဲ့ ရေပေးရေးလုပ်ငန်းဆောင်ရွက်မယ်ဆိုရင် စည်ပင်သာယာရေးဌာနရန်ပုံငွေနဲ့ ဆောင်ရွက်ရန် မလုံလောက်တဲ့အလျောက် JICA ODA Loan နဲ့ ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရန်ကိုလည်းပဲ ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း သိရှိတင်ပြအပ်ပါတယ်။

အလားတူ မြကန်သာရေကန်က တိုးချဲ့ရေပေးဝေရေးဆောင်ရွက်ဖို့အတွက် ရေအရည်အသွေး နဲ့ ရေရရှိနိုင်မှုအခြေအနေကို ကွင်းဆင်းတိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လှိုင်လင်မြို့အနေအထားအရ ကုန်းမြင့်ပိုင်းရပ်ကွက်များ ရေရရှိဖို့အတွက် အစီစိတ်တွင်းတူးဖော်ဆောင်ရွက်မည်ဆိုပါက လိုအပ်တဲ့စူးစမ်းလေ့လာမှုလုပ်ငန်း တွေကိုဆောင်ရွက်ပြီး ရေလုံလောက်စွာရရှိနိုင်မှုရှိ/မရှိတွက်ချက်ပြီး ရေလုံလောက်စွာရရှိမှသာ ရေဖြန့်ဝေပေးနိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လှိုင်လင်မြို့နယ်စည်ပင် သာယာရေးအနေနဲ့ လှိုင်လင်မြို့ပေါ် ရပ်ကွက်လေးကွက်အား သန့်ရှင်းသောသောက်သုံးရေ အလုံအလောက်ဖြန့်ဝေပေးနိုင်ဖို့ နောင်တောင်းကန်တိုးချဲ့ရေပေးရေးလုပ်ငန်းများကို လက်ရှိအခြေ အနေမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် မြကန်သာရေကန်မှ တိုးချဲ့ရေပေးရေး ဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာတွက်ချက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကုန်းမြင့်ပိုင်း ရပ်ကွက်များအတွက် အစီစိတ်တွင်းတူးဖော်ရေဖြန့်ဝေပေးနိုင်ဖို့ စူးစမ်းလေ့လာမှုလုပ်ငန်းများ ကွင်းဆင်း တိုင်းတာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက(၄၀၀၀၀) ကျော်အတွက် ရေလုံလောက်စွာ ပေးနိုင်ခြင်းမရှိဘဲ ခရမ်း၊ သန်လျင်မြို့နယ်များရှိ နွေစပါးစိုက်ဧက (၆၀၀၀)ခန့်ကို ရေပေးနေရခြင်းသည် အကျိုးရရှိမှု အလွန်နည်းသည့်အတွက် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပဲခူးတိုင်းမှ ရန်ကုန်းတိုင်းဒေသကြီးကို မိုင် (၃၀)စိမ်းလမ်းစိုပြည်ရေးအတွက် ရေပေးဝေရတာဟာ မိုင် ၈၀ ကျော်၊ ၁၀၀ ကွာဝေးတဲ့အတွက် ရေအလေအလွင့်များပြီးတော့ နှစ်ဖက်လုံးရေမလုံလောက်တဲ့အတွက် ပြန်လည်စဉ်းစားပေးဖို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူး-စစ်တောင်းတူမြောင်းကြီးဟာ ဝေါမြို့နယ် မြစ်ကျိုးရေတံခါးကနေပြီးတော့ သနပ်ပင်မြို့နယ်ရေတံခါးတာဝအထိကို ၃၇ မိုင် ၇ ဖာလုံ ရှည်လျားပါတယ်။ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်တွေရဲ့ ရေကြီးနစ်မြုပ်မှုကို သက်သာစေပြီးတော့ နွေစပါးစိုက်ဧက ၆၀၀၀၀ ကျော်ကို ရေပေးဝေစိုက်ပျိုးအောင်မြင်စေတာ တာပေါင်လမ်းကနေပြီးတော့လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တာကြောင့် ဒေသဖွံ့ဖြိုးရေးအတွက်ကို အလွန်အရေးပါလျက် ရှိပါတယ်။ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်တွေရှိ နွေစပါးစိုက်ပျိုးတဲ့ လယ်မြေတွေဟာ မိုးရာသီမှာ ရေနက်ကွင်းများသဖွယ် မိုးစပါးစိုက်ပျိုးလို့မရတဲ့ မြေများဖြစ်ပြီးတော့ တစ်နှစ်လုံးမှာတော့ တစ်ရာသီသာ စိုက်ပျိုးလို့ရတဲ့ လယ်များသာဖြစ်ပါတယ်။

ရန်ကုန်တိုင်း မိုင် (၃၀) စိမ်းလန်းမြောင်းမကြီးဟာ သနပ်ပင်၊ ကဝမြို့နယ်တွေရဲ့ မိုးတွင်းရေကြီးနစ်မြုပ်မှုကို သက်သာစေပြီးတော့ ကောင်းမွန်စွာရေနုတ်တိုင်တဲ့အတွက်လည်း ဆောင်းသီးနှံတွေကို စောစောစိုက်ပျိုးနိုင်ပါတယ်။ ယခုအခါ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှာရှိတဲ့ နွေစပါး စိုက်ဧက ၆၀၀၀၀ ကျော်ကို ရေခွန်ကောက်ခံဖို့လည်း အစီအစဉ်ရှိပါတယ်။ တောင်သူလယ်သမားများက လည်း အောင်ရေရတဲ့အထိ ရေလုံလောက်စွာ ပေးနိုင်မယ်ဆိုရင် တည်ဆဲဥပဒေအတိုင်း ရေခွန်ပေးရန် သဘောတူနိုင်ပေမဲ့ မလုံမလောက်လုပြီးတောင်းနေရရင်တော့ ရေခွန်ပေးဖို့လို့ အဆင်ပြေနိုင်မှာ

မဟုတ်ပါဘူး။ ရေခွန်ကောက်တော့မယ်ဆိုရင် အောင်ရေရတဲ့အထိ ကွင်းအလိုက်သတ်မှတ်ရေ Level ရေအမှတ်ကို ရက်အပိုင်းအခြားအလိုက်ပေးနိုင်မှသာ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ယခုဖြစ်နေတဲ့ အခြေအနေက ပဲခူးခရိုင်ရှိ ဧက ၆၀၀၀၀ ကျော်ကို မဖြစ်ဖြစ်အောင် ရေပေးနေရကာ နောက်ထပ်တိုးချဲ့စိုက်ပျိုးတဲ့ ပဲခူးခရိုင်က စိုက်ဧကတွေနဲ့ ခရမ်း၊ သန်လျင်ဘက်က စိုက်ဧကတွေကိုပါ ရေပေးရတဲ့ အတွက် ပဲခူးတိုင်းရော ရန်ကုန်တိုင်းနှစ်ဖက်စလုံးကို အောင်ရေမလုံမလောက် ဖြစ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးတွင်းကြီးအင်းမှာ ရေလှောင်ရတာကလည်း ရာသီဥတုပေါ် မူတည်ပြီး တော့ လှောင်ရတာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတု Clime Made Change များကိုပါ ထည့်သွင်းစဉ်းစားကာ ပဲခူးခရိုင် ဧက ၆၀၀၀၀ ကျော်နဲ့ ရန်ကုန်တိုင်း သန်လျင်၊ ခရမ်းစတဲ့မြို့နယ်များ ကို ရေရောက်ရှိဖို့လို့ မိုင်ပေါင်း ၄၀ ကျော်ထပ်ပြီးတော့ ပေးပို့ရတာဖြစ်ပါတယ်။ လက်ရှိစိုက်နေတဲ့ ရန်ကုန်တိုင်းမှာက ဧက ၆၀၀၀ နီးပါးရှိပါတယ်။ အဲဒါကြောင့် ယခင်ကတည်းက အဆက်ဆက် စိုက်ပျိုး လာကြပြီးတော့ တစ်နှစ်လုံးမှာမှတစ်သီးသာ အမှီပြုစိုက်ပျိုးနိုင်တဲ့ ပဲခူးခရိုင် လေးမြို့နယ်မှာရှိတဲ့ အဓိက ၆၀၀၀၀ ကျော်မှရေကို အောင်ရေရတဲ့အထိ အလုအယက်တောင်းခံနေရပါတယ်။ ရန်ကုန် တိုင်းဒေသကြီးကိုရေအပြည့်အ၀ပေးလို့ရှိရင် ပဲခူးတိုင်းအတွက် စိုက်ပျိုးရေလုံလောက်မှုမရှိပါဘူး။ အောင်ရေအပြည့် အ၀မပေးနိုင်တဲ့အတွက် တောင်သူများအချင်းချင်း အချင်းများတာ၊ ဌာနဆိုင်ရာ များနှင့်ပဋိပက္ခဖြစ်တာ၊ မကျေမနပ်ဖြစ်ကာ အောင်ရေမလုံလောက်လို့ သီးနှံတွေအထွက်လျော့နည်း တာတွေ၊ အရှုံးပေါ်တာတွေအထိ ဖြစ်နေပါတယ်။ ခရမ်း၊ သန်လျင်မြို့နယ်တွေရဲ့ စိုက်ဧက ၆၀၀၀ နီးပါးကိုရေရောက်ဖို့လို့ စုစုပေါင်း မိုင် ၈၀ ကျော်၊ ၁၀၀ ခန့်ဝေးပါတယ်။ မြေသားချောင်းများဖြစ်တဲ့ အတွက် ရေအလေအလွင့်များပြီးတော့ အကျိုးရရှိမှုအလွန်နည်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါ။ ထိရောက်အကျိုးရှိပြီးတော့ ရေရှည်အဆင် ပြေနိုင်အောင်လို့ ပဲခူးတိုင်းက နွေစပါးစိုက်ဧက ၆၀၀၀၀ ကျော်ကို ဦးစားပေးသင့်ပြီးတော့ ရန်ကုန် တိုင်းရှိ ခရမ်း၊ သန်လျင်မြို့နယ်များရဲ့ ခန့်မှန်းဧက ၆၀၀၀ ကို အခြားရေရရှိရေးနည်းလမ်းကို စဉ်းစား သင့်ကြောင်း တင်ပြအပ်ပါတယ်။ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့်ကဝမြို့နယ်များရှိ နွေစပါး စိုက်ဧကများအတွင်း ရေလုံလောက်စွာမပေးနိုင်ဘဲ ရန်ကုန်တိုင်း မိုင်(၃၀)စခန်း စိမ်းလန်းစိုပြည်ရေး နွေစပါးစိုက်ဧက ၆၀၀၀ ခန့်ကို ရေပေးနေရခြင်းဟာ မိုင်အလွန်ဝေးကွာပြီးတော့ ရေအလေအလွင့်များ ပြီး အကျိုးရရှိမှုလျော့နည်းတဲ့အတွက် ပြန်လည်သုံးသပ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက(၄၀၀၀၀) ကျော်အတွက် အောင်ရေလုံလောက်စွာပေးနိုင်ခြင်းမရှိဘဲ ရန်ကုန်တိုင်း မိုင်(၃၀)စိမ်းလန်းစိုပြည်ရေး ခရမ်း၊ သန်လျင်မြို့နယ်ရှိ နွေစပါးစိုက်ဧက (၆၀၀၀)ခန့် ရေပေးနေခြင်းဟာ မိုင်(၈၀)ကျော်ကွာဝေး၍ ရေအလေအလွင့်များပြားပြီး အကျိုးရရှိမှု အလွန်နည်းသည့်အတွက် ပြန်လည်သုံးသပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်ဆက်စပ်ပြီးပါရှိတဲ့ ရန်ကုန်မြို့တော် မိုင် (၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်အကျဉ်းချုပ်ကို ဦးစွာတင်ပြလိုပါတယ်။ ရန်ကုန်မြို့တော် မိုင်(၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ရေချိုအရင်းအမြစ်ရှားပါးတဲ့ ရန်ကုန်မြို့တော် မိုင်(၃၀) ဝန်းကျင်ဒေသတွေကို စိုက်ပျိုးရေရရှိရန် နည်းလမ်းကြံဆဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

စီမံကိန်းပါ လုပ်ငန်းစဉ်အားလုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းနှင့် သန်လျင်မြို့နယ်တွေမှာ စိုက်ပျိုးဧက ၅၅၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များမှာ စိုက်ပျိုးဧက ၅၀၀၀၀ စုစုပေါင်းဧက ၁၀၅၀၀၀ ကို စိုက်ပျိုးရေးပေးဝေနိုင်ရေး ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ရန်ကုန်မြို့တော် မိုင် (၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ အကောင်အည်ဖော်ရမည့် လုပ်ငန်းများအားလုံး ပြီးပြတ်ခြင်းမရှိသေးဘဲ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့တဲ့

လုပ်ငန်းတွေအရ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းနှင့် သန်လျင်မြို့နယ်များမှာရှိတဲ့ နွေစပါးဧက ၆၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပဲခူး၊ ဝေါ၊ ကဝနှင့်သနပ်ပင်မြို့နယ်များရှိတဲ့ နွေစပါးဧက ၄၀၀၀၀ ကို အောင်ရေရရှိရန် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့အတိုင်း မဖြစ်မနေ မဖြစ်ဖြစ်အောင် စီမံဆောင်ရွက်နေရတဲ့အခြေအနေဖြစ်ပါတယ်။

နွေစပါးရေးပေးဝေနိုင်ဖို့အတွက် အဓိကလုပ်ငန်းကတော့ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ကို ရေကူဖြည့်ပေးခြင်း ဆောင်ရွက်ရပါတယ်။ ယင်းသို့ ရေကူဖြည့်ပေးခြင်းကို နည်းလမ်းနှစ်သွယ်နဲ့ ဆောင်ရွက်ထားရှိပါတယ်။ ပထမနည်းလမ်းကတော့ ဇောင်းတူ၊ ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းရေလျှောက် တမံတွေကနေပြီးတော့ သိုလှောင်ရေတွေကို ဇောင်းတူရေးလွှဲဆည်မှတစ်ဆင့် မိုးယွန်းကြီးအင်းသို့ ရေဖြည့်ပေးပါတယ်။ မိုးယွန်းကြီးအင်းမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းကို ရေသွင်းယူ ခြင်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဝါးကတုတ်ရေလှောင်တမံကနေ မိုးယွန်းကြီးအင်းကို ရေးဖြည့်ပေးပြီး၊ မိုးယွန်းကြီးအင်းမှတစ်ဆင့် ပဲခူး-စစ်တောင်တူးမြောင်းကို ရေသွင်းယူခြင်းနည်းလမ်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ဧက ၆၀၀၀ အတွက် အခြားရေရရှိရေးနည်းလမ်းကို စဉ်းစားရာမှာ လည်းပဲ အဆိုပါဒေသဟာ ရေချိုအရင်းအမြစ်ရှားပါးတဲ့ ဒေသဖြစ်နေပါတယ်။ အဆိုပါဒေသတွေမှာ ရေငန်ဝင်ရောက်မှုမရှိစေရေးအတွက်ကို ရေထိန်းတံခါးများကိုလည်း တည်ဆောက်ထားရှိခဲ့ပြီးဖြစ်တဲ့ အတွက် စိုက်ပျိုးရေးလုပ်ငန်း အကျိုးသက်ရောက်မှုရှိစေရေးအတွက် စိုက်ပျိုးရေရရှိရန်လည်း လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် လက်ရှိအခြေအနေအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ခရမ်းနှင့်သန်လျင်မြို့နယ်များရှိ နွေစပါးဧက ၆၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဝေါ၊ ကဝ၊ သနပ်ပင်မြို့နယ်များမှာရှိတဲ့ နွေစပါးဧက ၄၀၀၀၀ ရေရရှိရေးအတွက် ပဲခူး-စစ်တောင်းတူးမြောင်းရှိ ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှာရှိတဲ့ ရေမှတ်ကိုမူတည်ပြီး ရေလှည့်ဇယားရေးဆွဲမှုနှင့်အညီ အလှည့်ကျ ရေပေးဝေခြင်းနှင့် ဌာနတာဝန်ရှိသူတွေက ကွင်းဆင်းညှိနှိုင်းပြီး အောင်ရေရရှိနိုင်ရေးကို ဆောင်ရွက် ရတဲ့အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တိုင်းဒေသကြီးနှစ်ခုအတွက် ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာဖြင့် အကောင်းဆုံးအခြေအနေဖြစ်အောင် စီမံဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူး၊ ဝေါ၊ ကဝနှင့် သနပ်ပင်မြို့နယ်များမှာရှိတဲ့ နွေစပါးအောင်ရေကို ထိထိရောက်ရောက်ပေးဝေနိုင်ဖို့ လိုအပ်လျက်ရှိတဲ့ ဧက ၄၀၀၀၀ အပါအဝင် စိုက်ပျိုးရေဧရိယာ ဧက

၅၀၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဧက ၅၅၀၀၀ စုစုပေါင်းဧက ၁၀၅၀၀၀ ကို စိုက်ပျိုးရေပေးဝေပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်မြင်ရေးအတွက် မူလရည်မှန်းခဲ့သော်လည်းပဲ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေခွင့်ပြုမှုအကန့်အသတ်တွေကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့လုပ်ငန်းစဉ်များ ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုပါက အားလုံးဆန္ဒပြည့်ဝသွားမယ့်အနေအထားဖြစ်ပါတယ်။ အလျဉ်းသင့်၍ ဒီလုပ်ငန်းစဉ်များကို တင်ပြရရင် (က) ဘိုင်းဒါး၊ ကောလိယနှင့် ဘောနီရေလှောင်တမံတွေက ပိုလျှံရေတွေကို နဂါးပေါက်ရေထိန်းတံခါးနှင့် ပုကိုင်တာရေထိန်းတံခါးတို့ကနေတစ်ဆင့် ပဲခူး-စစ်ဆောင်းတူးမြောင်းကို ရေသွယ်ယူခြင်းလုပ်ငန်း၊ ၎င်းလုပ်ငန်းမှာ နဂါးပေါက်ရေထိန်းတံခါးမှာ တည်ဆောက်ပြီးဖြစ်သော်လည်းပဲ ပုကိုင်တာရေထိန်းတံခါးတည်ဆောက်နိုင်ခြင်းမရှိတဲ့အတွက် ပုကိုင်တာရေထိန်းတံခါး တည်ဆောက်ရန် လိုအပ်ခြင်း၊ (ခ) ဇောင်းတူရေလွှဲဆည်မှ သတ်မှတ်ရေပြည့်မှတ်နှင့် ရေထုတ်လွှတ်နိုင်ရန်အတွက် ယင်းရေလွှဲဆည်အထက်မှာ စစ်ပင်ဆိပ်ရေတံခါးကို အခိုင်အမာတည်ဆောက်ရန်လိုအပ်ခြင်း၊ (ဂ) မိုးယွန်းကြီးကန်မှာ ရေပိုမိုသိုလှောင်နိုင်ရန် တာမြှင့်ခြင်းနှင့် အရေးပေါ်ရေပိုလွှဲတစ်ခု တည်ဆောက်ပေးရန် လိုအပ်ခြင်း၊ (ဃ) မိုးယွန်းကြီးကန်ကို ရေသွယ်ယူပေးတဲ့ ဇောင်းတူမြောင်းမကြီးနှင့် လက်တံမြောင်းနှစ်မြောင်း၊ ဇောင်းတူ-ကျိုက်လှရေသွယ်မြောင်း၊ ဇောင်းတူ-စွန်ပိရေသွယ်မြောင်း၊ မိုင်(၃၀)စိမ်းလန်းမြောင်းတို့မှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ (င) မိုင်(၃၀)စိမ်းလန်းမြောင်းကို စီးဝင်တဲ့ ချောင်းရိုးထိပ်တွေမှာ ရေထိန်းရေမြှင့်အဆောက်အအုံ ၅၉ ခု တည်ဆောက်ရန်လိုအပ်ခြင်းတို့ ရှိမည်ဖြစ်ပါတယ်။

အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုအပ်ချက်ရှိနေဆဲဖြစ်တဲ့ လုပ်ငန်းရပ်တွေကို ဆောင်ရွက်ရန်မှာ လုပ်ငန်းပမာဏဟာ ကြီးမားကျယ်ပြန့်ပြီး ရန်ပုံငွေလိုအပ်ချက်လည်းများပါမယ်။ သို့ဖြစ်တဲ့အတွက် ရန်ကုန်မြို့တော် မိုင်(၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းဧရိယာမှာပါတဲ့ ခရမ်း၊ သန်လျင်မြို့နယ်တွေက နွေစပါးဧက ၆၀၀၀ ကို ရေပေးဝေနိုင်ရေးနှင့် ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှ နွေစပါးဧက ၄၀၀၀၀ ကျော်ကို အောင်ရေရသည်အထိ ရေပေးဝေနိုင်ရေးတို့အတွက် ပဲခူး-စစ်တောင်း တူးမြောင်းရှိတဲ့ ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှာရှိတဲ့ ရေမှတ်ကိုမူတည်ပြီးတော့ ရေလှည့်ဇယားရေးဆွဲ၍ ဆောင်ရွက်မှုနှင့်အညီ အလှည့်ကျရေပေးဝေခြင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်မှလည်း လိုအပ်သလိုကွင်းဆင်းညှိနှိုင်းမှုများဆောင်ရွက်ခြင်းတို့ဖြင့် အခက်အခဲများကြားမှ အကောင်းဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါ တယ်။

**မူကြမ်း**

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ပဲခူးခရိုင်အတွင်းမှာရှိတဲ့ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှာရှိတဲ့ နွေစပါးဧက ၄၀၀၀၀ ကျော်အတွက် အောင်ရေလုံလောက်စွာ ပေးနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိတဲ့အခြေအနေတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးမှ သိရှိနားလည်ပေးနိုင်ဖို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ချောင်းနယ်လက်ယာကမ်းဆည်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်ဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စုပိုင် ချောင်းနယ်လက်ယာကမ်းဆည်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စုပိုင် ချောင်းနယ်လက်ယာကမ်းဆည်ဟာဆိုရင် ၂၀၁၆ ခုနှစ်မှစတင်ပြီးတော့ ဆောက်လုပ်ခဲ့တဲ့ဆည်ကြီးတစ်ဆည်ဖြစ်ပြီးတော့ သက်တမ်းမှာလည်း ၂၂ နှစ်ခန့်ကြာခဲ့ပြီဖြစ်ပါတယ်။ ဆည်ကြီးရဲ့ပေအရှည်ဟာဆိုရင် ၂၆၄၀၀ ပေရှည်လျားပြီးတော့ အောက်ခြေ ၇ ပေ၊ အမြင့်ပေ ၄ ပေ၊ ထိပ်ဝအကျယ် ၃ ပေဖြင့် ဒေသခံတောင်သူ ၈၄ ဦးက လယ်ဧက ၇၅၀ ကို လုပ်ကိုင်စားသောက်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီဆည်ကြီးကို တောင်သူ ၈၄ ဦးက ကိုယ်ထူကိုယ်ထနဲ့ တည်ဆောက်ခဲ့တဲ့ဆည်ကြီးလည်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဆည်တည်ဆောက်ပြီးကတည်းက ၂၀၁၃ ခုနှစ်အထိ ထိုဆည်ကြီးဟာ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ဆန်စပါးအထွက်နှုန်းကောင်းမွန်ခဲ့သဖြင့် ဆည်တောင်သူ ၈၄ ဦးရဲ့မိသားစုစားဝတ်နေရေးဟာ အဆင်ပြေခဲ့ပါတယ်။ သို့သော် ၂၀၁၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများမှာ ဖြစ်ပေါ်ခဲ့တဲ့ ထူးကဲဒီရေကြောင့် ဆည်ကြီးကို ဆားငန်ရေစတင်ဝင်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တောင်သူများမှာ

နှစ်စဉ်နှစ်တိုင်း ကိုယ်ထူကိုယ်ထနဲ့ ဆည်ကြီးကို ပြုပြင်ကြပေမဲ့ နည်းစနစ်တကျမရှိတဲ့အတွက် ဒီနေ့ထက်ထိ ဒုက္ခရောက်နေကြရပါတယ်။ မိသားစုများမှာလည်း ထိုဆည်ကြီးကို အားကိုး၍ လယ်ယာလုပ်ကိုင်ကြရတာဖြစ်တဲ့အတွက်ကြောင့် သားသမီးများရဲ့ပညာရေး၊ ကျန်းမာရေးအတွက်ပါ အဆင်မပြေစိုးရိမ်သောကရောက်နေကြရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆင်းရဲနိမ့်ကျသော တောင်သူလယ်သမားများရဲ့အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။ ဒီလိုဖြည့်ဆည်းပေးခြင်းဟာ ကျွန်မတို့တောင်သူလယ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးသလို နိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချရေးကိုလည်း လုပ်ဆောင်ရာရောက်ပါတယ်။ ဒါဟာ အမှန်တကယ်လိုအပ်တဲ့ကိစ္စ ဖြစ်တဲ့အတွက် ဝန်ကြီးဌာနမှ အောက်ခြေအထိ ကွင်းဆင်းပြီး စနစ်တကျနဲ့ ဆည်ကြီးကို ရေရှည်ခိုင်မာအောင် လုပ်ဆောင်ပေးရန် လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီဆည်ရဲ့ပကတိအနေအထားကို တင်ပြချင်တဲ့အတွက် Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒါဟာ တောင်သူလယ်သမားတွေ ကိုယ်ထူကိုယ်ထနဲ့ ဆယ်ထားတဲ့ တာပေါင်ကြီးဖြစ်ပါတယ်။ ဒါဟာလည်း ဆားငန်ရေဝင်ရောက်နေမှုကို ပိတ်ဆို့နေခြင်းဖြစ်ပါတယ်။ ဒါကလည်း ဆည်ကြီးကို တောင်သူလယ်သမားတွေက နှစ်စဉ်နှစ်တိုင်းနဲ့ ကိုယ်တတ်နိုင်သမျှ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ထားတဲ့ တာပေါင်ကြီး ဖြစ်ပါတယ်။ ဒါကလည်း ဆားငန်ရေဝင်ရောက်နေမှုအခြေအနေပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒေသခံတောင်သူများမှာလည်း အားကိုးတကြီးနဲ့ မေးပေးပါ။ ဒီဆည်ကြီးကိုသာ ခိုင်မာအောင်၊ တောင့်တင်းအောင်လုပ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ မိသားစုဘဝ၊ သားသမီးများရဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စ ပူပန်မှုတွေဟာ လျော့ကျမှာဖြစ်ကြောင်း လေးလေးနက်နက်တင်ပြကြတဲ့အတွက် ဝန်ကြီးဌာနမှတောင်သူများ၏ဘဝကို စာနာထောက်ထားကာ လုပ်ဆောင်ပေးမည်ဟု ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒနယ်ပြည်သူများကိုယ်စား အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့ မိမိဒေသ တောင်သူလယ်သမားများရဲ့အခက်အခဲဘဝကို ကိုယ်ချင်းစာနာမှုနှင့် မေးမြန်းတဲ့အတွက် တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ဆားပြင်ကျေးရွာအုပ်စုပိုင်၊ ချောင်းနယ်လက်ယာကမ်းဆည်ကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စနစ်တကျပြုပြင် ပြန်လည်ထိန်းသိမ်းပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းအပေါ်မှာ ကျေးဇူးလည်းတင်ပါတယ်။ ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ချောင်းနယ်လက်ယာကမ်းဆည်ဟာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ ကျေးရွာပြည်သူလူထုတွေက ကိုယ်ထူကိုယ်ထအစီအစဉ်နဲ့ တည်ဆောက်ခဲ့တဲ့လယ်သမားတာ ဖြစ်ပါတယ်။ ဆည်အသွင်သဏ္ဍာန်ထက် လယ်သမားတာဖြစ်ပါတယ်။ အလျားပေ ၂၆၄၀၀ ရှည်လျားပြီးတော့ လယ်ယာမြေဧက ၈၃၀ ကို ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးလျက်ရှိပါတယ်။ အဆိုပါ လယ်သမားတာကတော့ လက်ရှိအခြေအနေမှာ ပြန်လည်မြေဖို့ပြုပြင်ရန် လိုအပ်လျက်ရှိပြီးတော့ တာအတွင်းမှာရှိတဲ့ ၅ ပေ x ၆ ပေ နှစ်ပေါက်ရေတံခါးတစ်ခုမှာလည်း ပျက်စီးယိုယွင်းလျက်ရှိတဲ့အတွက် အသစ်ပြန်လည်ပြုပြင်တည်ဆောက်မှုရမှာဖြစ်တဲ့အပြင် တာအတွင်းမှာရှိတဲ့ ကွင်းရေတွေကိုလည်းပဲ ပိုမိုထုတ်နုတ်နိုင်ရေးအတွက် ၅ ပေ x ၆ ပေ နှစ်ပေါက်ရေတံခါးတစ်ခု ထပ်မံတည်ဆောက်ပေးဖို့အတွက် လိုအပ်လျက်ရှိပါတယ်။ လယ်သမားတာ မြေပြုပြင်ခြင်းနှင့် ရေထိန်းတံခါးနှစ်ခုတည်ဆောက်ခြင်းလုပ်ငန်းတွေအတွက် ဆောင်ရွက်ဖို့ ခန့်မှန်းကုန်ကျငွေကတော့ ကျပ်သန်းပေါင်း ၃၈၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ အဆိုပါလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ရန် အစီအစဉ်မရှိသေးသော်လည်းပဲ လိုအပ်ရန်ပုံငွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ရာတွင် စနစ်တကျ လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျေးရွာချင်းဆက်လမ်းတွေ တည်ဆောက်ရာမှာ စနစ်တကျ လမ်းပုံစံထုတ်ပြီးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျေးရွာပေါင်း ၆၅၀၀၀ ကျော်ရှိပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေအများစုဟာ ကျေးလက်နေပြည်သူတွေရဲ့ လူသွားလမ်းအဆင့်၊ အဲဒီမှာတစ်ဆင့် လှည်းလမ်း၊ အဲဒီမှတစ်ဆင့် မော်တော်ယာဉ်ဖြတ်သန်းသွားလာနိုင်အောင် ဆောင်ရွက်လာကြတဲ့လမ်းတွေဖြစ်ပါတယ်။ ဥပမာ - ချင်းပြည်နယ်မှာရှိတဲ့ ကျေးလက်လမ်းတွေဆိုရင် ကျေးလက်နေပြည်သူတွေကိုယ်တိုင်က ဖောက်လုပ်ခဲ့တဲ့လူသွားလမ်းတွေဖြစ်ပြီး အဲဒီကမှတစ်ဆင့် ဆိုင်ကယ်သွားတယ်။ အဲဒီကမှတစ်ဆင့် မော်တော်ယာဉ်သွားလာနိုင်တဲ့အဆင့် ဖောက်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ လမ်းတစ်လမ်းကိုတည်ဆောက်ရာမှာ ဖို့မြေ၊ ဖြန့်မြေလုပ်ငန်း၊ လမ်းတာချဲ့ခြင်းလုပ်ငန်း၊ မျက်ကွယ်ကွေ့တွေဖြောင့်ခြင်းလုပ်ငန်း စတဲ့လုပ်ငန်းတွေကို ဦးစွာလမ်းပုံစံထုတ်ပြီး လုပ်ဆောင်ကြရပါတယ်။ အဲဒီလိုလုပ်ဆောင်ပြီး လမ်းပုံစံအမှန်ရမှ မြေသားတာပေါင်တင်ခြင်း၊ ကျောက်ချောခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းတွေကို တစ်ဆင့်ချင်းဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒါမှသာ ပုံစံမှန်တဲ့လမ်းတွေကို ရရှိစေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ဒေသမှာတွေ့ကြုံခဲ့တဲ့ ဖြစ်စဉ်တစ်ခုကို ကျွန်တော်တင်ပြလိုပါတယ်။ ကျေးလက်လမ်းတစ်ခုကို ကတ္တရာခင်းဖို့ ဘတ်ဂျက်ကျလာပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ဘတ်ဂျက်ပါ။ အဲဒီလမ်းကိုမခင်းခင် ကျွန်တော်သွားရောက်လေ့လာပါတယ်။ လမ်းပေါ်မှာ မတ်စောက်တဲ့ ကုန်းဆင်းတစ်ခုရှိနေတာတွေ့ရပါတယ်။ ဌာနနဲ့ကုမ္ပဏီကို ပြုပြင်ပေးဖို့ ကျွန်တော်ညှိနှိုင်းဆွေးနွေးပါတယ်။ ကုမ္ပဏီမှ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးပါတယ်။ လိုချင်တဲ့အနေအထားတော့ မရောက်ပါဘူး။ ဒီနေရာမှာတင်ပြလိုတာက ကုမ္ပဏီရဲ့ဘတ်ဂျက်က ကတ္တရာခင်းဖို့ပဲလုပ်ငန်းပါတာပါ။ ဖို့မြေ၊ ဖြန့်မြေအတွက် မပါပါဘူး။ လမ်းပုံစံပြင်လိုက်မယ်ဆိုရင် ခင်းပြီးသားဖြစ်တဲ့ကျောက်ချောလမ်း

ကို အရင်ဖယ်ထုတ်လိုက်ရမှာဖြစ်ပြီး ဖြတ်မြေလုပ်ငန်းလုပ်ဆောင်ပြီးရင် ပြန်လည်ပြီးကျောက်ချောခင်းတာ စက်နဲ့ကြိတ်တာတွေအတွက် ဆောင်ရွက်ဖို့ဘတ်ဂျက်မပါလို့ အခက်အခဲကြုံရတာပါ။ အဲဒီတော့ ကျောက်ချောလမ်းခင်းမယ်။ ဘတ်ဂျက်ကျလာတယ်ဆိုရင်လည်းအဲဒီလိုပါပဲ။ ရှိတဲ့လမ်းအပေါ်မှာပဲခင်းထားတာပါ။ ကွေ့ရင်ကွေ့တဲ့အတိုင်းခင်းတယ်။ ကောက်ရင်ကောက်တဲ့အတိုင်းပဲခင်းတယ်။ ဒီလိုဖြစ်နေတာတွေက လမ်းမခင်းခင် လမ်းပုံစံထုတ်ပြီး စနစ်တကျ တည်ဆောက်ခဲ့တာမဟုတ်လို့ပါ။ ဖြစ်သင့်တာက ကျောက်ချောလမ်းခင်းတဲ့အဆင့်မရောက်ခင်ကတည်းက လမ်းပုံစံထုတ်ပြီးစနစ်တကျဆောင်ရွက်လာခဲ့မယ်ဆိုရင် ပြန်လည်ပြုပြင်စရာလိုမှာမဟုတ်ပါဘူး။ ယနေ့ ပြုပြင်ပြောင်းလဲရေးတွေအရှိန်အဟုန်နဲ့ ဆောင်ရွက်တဲ့နေရာမှာ ကျေးရွာများဟာလည်း ရက်ပိုင်းလပိုင်းအတွင်း တိုးတက်ဖွံ့ဖြိုးတဲ့အဆင့် ရောက်မလာဘူး မပြောနိုင်ပါဘူး။ ကျေးရွာတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာလို့ ရုတ်တရက်ဖွံ့ဖြိုးတိုးတက်လာတော့မှ မော်တော်ယာဉ်တွေ သွားလာမှုတွေအဆင်မပြေလို့ လမ်းတွေပုံစံမမှန်လို့ ပြန်လည်တည်ဆောက်ရမယ်ဆိုရင် အချိန်တွေကုန်သလို နိုင်ငံတော်ရဲ့ငွေကြေးတွေလည်း လေလွင့်ဆုံးရှုံးစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ကျေးရွာချင်းဆက်လမ်းများတည်ဆောက်ရာတွင် စနစ်တကျလမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းရဲ့ ကျေးရွာချင်းဆက်လမ်းများတည်ဆောက်တဲ့နေရာမှာ စနစ်တကျလမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး မေးခွန်းကိုပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ကျေးလက်လမ်း၊ တံတားများ ရေရှည်ကောင်းမွန်စေဖို့အတွက် ဒေသဆိုင်ရာလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့ရဲ့ လမ်း၊ တံတားဆိုင်ရာစံချိန်စံညွှန်း(Specification)တွေကို သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရ

ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတားဆိုင်ရာ အဆိုပြုစီမံကိန်းတွေကို သက်ဆိုင်ရာဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှု ကော်မတီများနဲ့ ပါဝင်ဆွေးနွေးထောက်ခံအတည်ပြုချက်ရယူဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ တစ်နှစ်ခန့်ကြိုတင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်းပဲ တင်ဒါစနစ်နဲ့ယှဉ်ပြိုင်ရွေးချယ်ပြီး တင်ဒါမကြေညာမီ သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြေပြင်နှင့်ကိုက်ညီစေဖို့အတွက် ပြန်လည်စစ်ဆေးရပါတယ်။ အချို့ အောက်ခံမြေကောင်းတဲ့နေရာတွေမှာ ၁၂ လက်မထုဖြင့်လည်းကောင်း၊ အောက်ခံမြေမကောင်းတဲ့ နေရာတွေမှာ လက်မ ၂၀ ထုဖြင့်လည်းကောင်း ဒေသနှင့်ကိုက်ညီသော လမ်းပုံစံများနဲ့ ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်သော်လည်းပဲ အောက်ခြေမှာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် တဲ့အခါမှာ အားနည်းချက်များလည်း ရှိစမြဲဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ကတော့ ကျေးလက်လမ်းတံတားလုပ်ငန်းတွေကို ဆောင်ရွက်တဲ့လျာထားတဲ့အခါမှာ ပဏာမ ကွင်းဆင်းခြင်းများပြုလုပ်ပြီး လမ်းအူကြောင်းအသစ် ဖောက်လုပ်ဖို့အတွက် လိုအပ်တဲ့အပိုင်း၊ ဖို့မြေ၊ ဖြတ်မြေဆောင်ရွက်ရမည့်အပိုင်း၊ လမ်းတာချဲ့ခြင်းဆောင်ရွက်ရမည့်အပိုင်း၊ လမ်းမြေနေရာရရှိမှု အခြေအနေ၊ ရေနုတ်မြောင်း၊ Box Culvert, Pipe Culvert များ ထည့်သွင်းရမည့်နေရာများ ပါဝင်တဲ့ Design များ၊ ခန့်မှန်းခြေတွက်ချက်မှုစာရင်းများ ကိုရေးဆွဲဆောင်ရွက်ရပါတယ်။ ဒါ့အပြင် လမ်းများ ရေရှည်တည်တံ့ဖို့အတွက် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ် များကိုလည်းပဲ Design နဲ့အညီ ထည့်သွင်းစဉ်းစားတွက်ချက်ပြီး ဦးစားပေးအစီအစဉ်များ သတ်မှတ် ကာ ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်ဆိုတဲ့ အကြောင်း ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ လမ်းများတည်ဆောက်ရာမှာ စနစ်တကျလမ်းပုံစံ ထုတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါ။ ကျွန်တော်မေးမြန်းတာကတော့ ကျေးရွာချင်းဆက်လမ်းတွေတည်ဆောက်

တဲ့နေရာမှာ စနစ်တကျ လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လမ်းတစ်လမ်းတည်ဆောက်တဲ့နေရာမှာ ကျောက်ခင်းလမ်းတည်ဆောက်မယ်ဆိုရင်လည်း ဒါ Yellow Board အရ စံချိန်စံညွှန်းနဲ့ဆောက်တယ်ဆိုတာတော့ ကျွန်တော်တို့သိပါတယ်။ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်မေးမြန်းတာက အဲဒီကျောက်ခင်းလမ်းမဆောက်ခင်မှာ ကျွန်တော်တို့က လမ်းပုံစံထုတ်ပြီး လမ်းပုံစံအမှန်ရမှ တည်ဆောက်မှသာလျှင် လမ်းတွေဟာ ပုံစံမှန်တဲ့လမ်းတွေရမှာပါ။ ဥပမာ - ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကက်သာ-အောင်ဇေယျလမ်းကို ကျွန်တော်တို့ ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးကနေ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ကျောက်ချောလမ်းအပြီးတည်ဆောက်မယ်ဆိုပြီးတော့မှ ဖြေကြားထားတာရှိပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့က ကက်သာ- အောင်ဇေယျလမ်းကို ပြန်လည်ပြီးစိစစ်တဲ့နေရာမှာ တံတောင်ဆစ်ချိုးအကွေ့တွေရှိတယ်။ ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းတွေ လုပ်ဖို့ရှိတယ်။ အဲဒီလိုရှိတဲ့အတွက် ဒါတွေကို လမ်းပုံထုတ်အဖွဲ့က စနစ်တကျပြန်လည်ပုံထုတ်ပြီးမှ ပြန်လည်တိုင်းတာပါတယ်။ အဲဒီလို တိုင်းတာပြီးမှသာလျှင် ကျောက်ချောလမ်းအဆင့်ကို ပြန်လည်ဆောက်လုပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခုနဝန်ကြီးဖြေသွားတာကို ကျွန်တော်ရှင်းရှင်းလင်းလင်း သိလိုတဲ့အတွက် လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ထပ်မံမေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ကျေးလက်လမ်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဒေသရဲ့ ရေမြေအခြေအနေပေါ်မူတည်ပြီးတော့ လမ်းပုံစံကို ကျွန်တော်တို့ လိုအပ်တဲ့စံချိန်စံညွှန်းများနဲ့ အညီဖြစ်ဖို့အတွက် ဒါဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်ခုနဖြေတဲ့အဖြေထဲမှာလည်း လမ်းပုံစံမကျတဲ့အတွက်ကြောင့်မို့လို့ အောက်ခြေမှာ လိုအပ်တဲ့အတိုင်းအတာအထိ လမ်းတွေဟာ ပီပီပြင်ပြင်မဖြစ်နိုင်တဲ့အခြေအနေမျိုးရှိခဲ့တယ်ဆိုတာလည်း ကျွန်တော်ဖြေကြားပြီးဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကတော့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အောက်ခြေမှာ လမ်းပုံစံတကျ အစီအစဉ်ရှိ/မရှိ၊ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်းပဲ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းနဲ့ စပ်လျဉ်းပြီး ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရပ်စောက်မြို့နယ်၊ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတားပေ(၅၀)ကို သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်-ဆပ်သေကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပုန်းအင်းတံတားနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ပင်ဖြစ် - ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတားသည် ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၂၂၆၁ နှင့် လူဦးရေ ၁၁၂၂၉ ဦးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများကို အကျိုးပြုသော ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော တံတားဖြစ်ပါတယ်။ ၎င်းအပြင် တောင်ကြီးမြို့နယ်အတွင်းရှိကျေးရွာများ၊ ဟိုပုန်းမြို့နယ်အတွင်းရှိကျေးရွာများနှင့် ဆက်သွယ်သွားလာရသော အရေးပါသည့် မြို့နယ်ချင်းဆက်သွယ်သွားလာရသည့် ကျေးလက်တံတားဖြစ်ပြီး ပင်ဖြစ်ဈေးနှင့် ဆပ်သေဈေးများသို့ ဒေသထွက်ကုန်ပစ္စည်းများ၊ ရောင်းဝယ်ခြင်းများအတွက် ကုန်စည်စီးဆင်းရာတွင် အဓိကကျသော၊ အရေးပါသော တံတားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ဒေသခံပြည်သူများရဲ့ တင်ပြချက်များအရ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ယခုအချိန်အခါတွင် Slide တွင်ဖော်ပြထားတဲ့အတိုင်း တံတားရဲ့ ရေလယ်တိုင်၊ ဘေးယက်မကြမ်းခင်းများ နိမ့်ကျွံပျက်စီးနေပြီး အန္တရာယ်ရှိတံတားအဆင့်သို့ ရောက်ရှိနေပါတယ်။ ဒေသခံပြည်သူများ နေ့စဉ်သွားလာနေသော တံတားဖြစ်၍ မလိုလားအပ်သော ဘေးဒုက္ခ အန္တရာယ်များ မဖြစ်ပေါ်စေနိုင်ရန်အတွက် လတ်တလော အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတား ၅၀ ပေကို ဟောင်းနွမ်းပျက်စီးနေသော

အန္တရာယ်ရှိသစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်မြင့်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းမှာ ရှိတဲ့ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတားအရှည် ၅၀ ပေဟာ ၁၉၉၆ ခုနှစ်မှာ ဒေသနေပြည်သူတွေ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ သစ်သားတံတားတစ်စင်းဖြစ်ပါတယ်။ တံတားရဲ့လက်ရှိအခြေအနေမှာတော့ ကြမ်းခင်း၊ ယက်မများ ဆွေးမြေ့နေပါတယ်။ အဆိုပါတံတား အရှည်ပေ ၅၀ ကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုရင် ငွေကျပ် ၈၆.၅ သန်း ကုန်ကျမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ လမ်းများ၊ ကျောက်ချောလမ်းများ၊ ကွန်ကရစ်တံတားများ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသော်လည်းပဲ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ လမ်းအတွက် ဆောင်ရွက်ရန်အစီအစဉ်မပါရှိသေးတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းကွန်ကရစ်တံတားအရှည် ၅၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိလို့ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသော်လည်း ပြည်နယ်/တိုင်းဒေသကြီးရဲ့ နှစ်အလိုက် ဦးစားပေးလျာထားမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၅-၇-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၈-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၅-၇-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား

လွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၈-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာ ဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ (၁၃-၇-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှု များ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၁ ဦးရှိပါ တယ်။ ပထမဦးစွာ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသ ကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရှင့်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွား လျက်ရှိတဲ့ သစ်ခိုးထုတ်မှုများ၊ သစ်မှောင်ခိုမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက် ပြီး နှစ်ပိုင်းဆွေးနွေးသွားမှာပါ။ ပထမပိုင်းအနေနဲ့ အဆိုရှင်က နိုင်ငံနှင့်အဝန်း ကြီးမားစွာဖြစ်ပွားလျက် ရှိတဲ့ သစ်ထုတ်မှုများကို ထိရောက်စွာဖမ်းဆီးဖို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းထားပါတယ်။ ဆိုလိုတာ ကတော့ ကြီးမားစွာခိုးထုတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ အမှန်တကယ် လက်တွေ့မြေပြင်မှာ ကြီးမားစွာခိုးထုတ်ခြင်းများကို ဖမ်းဆီးအရေးယူနိုင်ခြင်းမရှိဘဲ မိမိအိမ်သုံးအတွက် ရှိစုမဲ့စု ငွေကြေး

လေးများဖြင့် ဝယ်ယူစုဆောင်းထားသောသစ်များကိုသာ ဖမ်းမိနေတာ တွေ့ရပါတယ်။ အဆိုရှင်က တာဝန်ရှိသူများဟာ သစ်မှောင်ခိုများကို Cover ပေးတယ်။ ရွာသုံး၊ အိမ်သုံးလေးတွေကို ဖမ်းတယ်။ ငါတို့ကမဖမ်းချင်ဘူး။ မင်းတို့တင်တဲ့ကိုယ်စားလှယ်တွေက ဖမ်းခိုင်းလို့ဖမ်းရတာ။ မဲပေးချင်ဦးလေလို့ ပြည်သူနှင့် ကိုယ်စားလှယ်ကို စနစ်တကျရန်တိုက်ပေးခြင်း တွေ့လာရပါတယ်လို့ ပြောသွားပါတယ်။ ဒါဟာ ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်အားလုံးနီးပါး ခံစားရတဲ့ခံစားချက်ကို ရင်ဖွင့်ခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်မြေမှာ မိမိအိမ်သုံးတောင်မဟုတ်ဘဲ ရွာသူရွာသားတို့ရဲ့ ဓလေ့၊ နားလည်မှု၊ ရင်းနှီးခင်မင်မှု၊ ညှိဝတ်ကျေပွန်မှုအနေနဲ့ အခြားလူရဲ့သစ်ကို အကူအညီအနေနဲ့ လှည်းနဲ့တိုက်ပေးတဲ့ လှည်းသမားငါးဦးကို သစ်နှင့်တကွမိလို့ တရားမဝင်ပစ္စည်းသယ်ဆောင်မှုဆိုပြီး ပုဒ်မ ၄၃ ပုဒ်မခွဲ(က)နဲ့ တရားစွဲဖမ်းဆီးခြင်းခံနေရပါတယ်။ အခု အချုပ်ထဲရောက်နေတာ သုံးလကျော် ကြာသွားပါပြီရှင်။ အဲဒီသစ်ပိုင်ရှင် ဘယ်သူပါလို့ ပြောနိုင်ရက်နဲ့ ပိုင်ရှင်ကိုမိအောင်မဖမ်းနိုင်ဘဲ အကူအညီလိုက်မိတဲ့ လှည်းသမားငါးဦးကို ဖမ်းဆီးထားမိမှုအပေါ် မတရားဘူးလို့ မြင်ပါတယ်။ ပြီးတော့ အခုလို မိုးရာသီမှာ လယ်ထွန်ရမယ့်တောင်သူတွေ အချုပ်ထဲရောက်နေကြပါတယ်။ သူတို့ အခုထိ လယ်မပြီးသေးဘူးလို့ သိရပါတယ်။ သစ်ခိုးမှုများမိလျှင် ပိုင်ရှင်မဲ့ဖြစ်သွားလို့ ပိုင်ရှင်မဲ့မိခဲ့ရင် ဖမ်းဆီးသူကိုအရေးယူမယ်ဆိုပြီး ကြော်ငြာလိုက်တော့ အခု အဖြစ်အပျက်က ပိုင်ရှင်မမိဘဲ မတွေ့တွေ့ရာဆွဲပြီးရင် ဖမ်းဆီးထားတဲ့သဘောသက်ရောက်နေပါတယ်။ ဥပဒေတစ်ရပ်မှာ ဘယ်သူ့ကို ထိစေချင်တာလဲ။ ထိစေချင်တဲ့သူကို တည့်တည့်ပစ်နိုင်ရပါမယ်။ အခုတော့ မရှောင်ရင်လွတ်တယ် ဆိုတာမျိုး ဖြစ်နေပါတယ်။

ဒုတိယပိုင်းအနေနဲ့ ဆွေးနွေးရမယ်ဆိုရင် အဆိုရှင်က သစ်တောပြုန်းတီးမှုကြောင့် ကမ္ဘာကြီးမှာ ဘေးမျိုးစုံနဲ့ ကြုံတွေ့နေရလို့ သစ်ထုတ်လုပ်ခွင့်ကို လုံးဝပိတ်သိမ်းဖို့ ပြောသွားပါတယ်။ အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ၁၉၈၉ ခုနှစ်မှစ၍ သဘာဝသစ်တောကြီးများမှ သစ်ထုတ်လုပ်ခွင့်ကို လုံးဝရပ်ဆိုင်းခဲ့ပါတယ်။ သူတို့နိုင်ငံရဲ့ပြည်သူများကလည်း သူတို့အစိုးရရဲ့အစီအမံများကို လိုက်နာခဲ့ ကြပါတယ်။ ကျွန်မတို့ဒေသမှာ သစ်ခုတ်ခွင့်ပိတ်လိုက်ပေမဲ့ နောက်ဆက်တွဲပြဿနာများစွာ ထွက်ပေါ် လာပါတယ်။ အဲဒီပြဿနာများကတော့ မိသားစုနေထိုင်ရန် အိမ်ဆောက်ဖို့အတွက် ဘယ်လိုဖြေရှင်းပေး မှာလဲဆိုတဲ့ပြဿနာပါ။ သစ်မခုတ်ရရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူများအတွက် အိမ်ဆောက်ရန် လုံလောက်စွာ သစ်ရောင်းချပေးနိုင်ပါပြီလားဆိုတဲ့မေးခွန်းတွေပါ။ မြန်မာနိုင်ငံမှာ လက်ရှိသစ်လုပ်ငန်း မှ သစ်စက်များ ၉၀ ရာခိုင်နှုန်း မလည်ပတ်နိုင်ဘူးလို့ သိရပါတယ်။ သစ်စက်မရှိတဲ့ ကျွန်မတို့မြို့နယ်

ဆိုရင် ပိုလို့ဆိုးပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိတဲ့သစ်များကို တစ်နှစ်ခွဲအတွင်း လေလံတင်ရောင်းချပေးခြင်းတစ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ တစ်မြို့လုံးကို လေလံတင် ရောင်းချပေးတဲ့ သစ်တန်ချိန်က ရှစ်တန်ပဲဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းတစ်ကျောင်းစာတောင်မရှိတဲ့ သစ်ရှစ်တန်နဲ့ တစ်မြို့လုံးကို ဘယ်လိုမှဖြေရှင်းလို့မရပါဘူး။ အဲဒီတော့ NLD အစိုးရလက်ထက်မှာ အိမ်တစ်လုံးဆောက်ဖို့တောင် ခက်ခဲတယ်ဆိုတဲ့ ပြည်သူတွေရဲ့အသံဟာ နားနဲ့မဆံ့အောင် ကြားနေရ ပြန်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ အခန်း(၃) ပုဒ်မ ၈ ပုဒ်မခွဲ(က)မှာ မည်သည့် နေရာဒေသတွင်မဆို ပေါက်ရောက်နေသောကျွန်းပင်သည် နိုင်ငံတော်ပိုင်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါ တယ်။ မိမိအိမ် ခြံဝိုင်းထဲမှာပေါက်ခဲ့ရင်တောင် သစ်တောဦးစီးဌာနကိုပြောပြီး မှတ်ပုံတင်ပြီးမှ သုံးရမှာ ဖြစ်ပါတယ်။ ကိုယ့်အိမ်ဝိုင်းကကျွန်းပင်တောင် ကိုယ်မပိုင်ရင် ခြံထဲမှာထားကြမှာမဟုတ်ပါဘူး။ အနေးနဲ့အမြန်ဆိုသလို မကြာခင်နုတ်ပစ်မှာ သေချာပါတယ်။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးအကြံပေးချင် တာက ပြည်သူများအတွက် ပုဂ္ဂလိကပိုင်စိုက်ခင်းများနှင့် အစုအဖွဲ့ပိုင်စိုက်ခင်းများ အမြန်ဆုံးထူထောင် စေပြီး မျှတတဲ့ပိုင်ဆိုင်မှုများ ပေးစေလိုပါတယ်။ ထိုစိုက်ခင်းများမှ ထွက်ရှိလာသောသစ်များကို ပြည်တွင်းသုံးအတွက် လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုသင့်ပါတယ်။ ဒါမှသာ ဒေသခံများရဲ့ ဝင်ငွေလည်းရ၊ အလုပ်အကိုင်အခွင့်အလမ်းလည်းရမှာဖြစ်ပါတယ်။ ခေတ်နှင့်မလျော်ညီတဲ့ဥပဒေတွေ ကို အမြန်ဆုံး ပြင်သင့်ရင်ပြင်၊ ပယ်ဖျက်သင့်ရင် ပယ်ဖျက်သင့်ပါကြောင်း အကြံပြုဆွေးနွေးတိုက်တွန်း လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ၁၃-၇-၂၀၁၇ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ တင်သွင်းတဲ့ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပြီး အကြံပြု ချက်များ တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ အဆိုရှင် တင်ပြချက်အထဲမှာပါတဲ့ မြန်မာနိုင်ငံမှာ သစ်ခိုးထုတ်မှု၊ သစ်မှောင်ခိုမှုများကို ကာလအပိုင်းအခြားနှင့် ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် အတိတ်ကာလက နှစ်ပေါင်းများစွာဖြစ်ခဲ့လို့ တိုင်းပြည်က သစ်တော ပြုန်းတီးမှု တတိယအဆိုးဆုံးအဆင့်ရောက်ရှိခဲ့သလို ပြည်သူတွေအနေနဲ့ ယနေ့ကြုံတွေ့နေရတဲ့

သဘာဝဘေးမျိုးစုံ၊ ပြည်သူ့ဘဏ္ဍာငွေအဖြစ် ကျွန်းသစ်ကရရှိမယ့် နိုင်ငံခြားဝင်ငွေတွေကို ပြည်သူတွေ မရခဲ့လို့ နိမ့်ကျခဲ့ရတဲ့ လူမှုဘဝဆိုးကျိုးတွေဖြစ်နေခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ ပစ္စုပ္ပန်ကာလမှာလည်း အရင်အတိုင်းပဲ ဆက်ရှိနေဦးမယ်ဆိုရင် အနာဂတ်လူ့အဖွဲ့အစည်းမှာ ဒီ့ထက်ပိုဆိုးတဲ့ ကပ်ဘေးသဖွယ် ဆိုးကျိုးအမျိုးမျိုးတို့ ထပ်မံဆိုက်ရောက်လာဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ တာဝန်ရှိသူ၊ တာဝန် သိသူ မြန်မာနိုင်ငံသားများမှ သမိုင်းပေးတာဝန်အရ အဆိုပါသစ်ခိုးမှု၊ သစ်မှောင်ခိုထုတ်မှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်သလို တာဝန်အရှိဆုံးဖြစ်တဲ့ အစိုးရ အနေနဲ့ ထိထိရောက်ရောက်ပြတ်ပြတ်သားသားဖြေရှင်းပေးဖို့ လိုအပ်နေပြီလို့ ထောက်ပြလိုပါတယ်။

ဒါကတော့ သစ်ခိုးထုတ်မှု၊ သစ်မှောင်ခိုမှုမှာပါတဲ့ လူတန်းစားနှစ်ရပ်ပါ။ ဥပဒေမဲ့လုပ်သူနဲ့ တာဝန်ရှိ၊ အဂတိရှိတဲ့ နိုင်ငံ့ဝန်ထမ်းတို့ပူးပေါင်းကာ ကျူးလွန်ကြခြင်းဖြစ်ပါတယ်။ ဒီတော့ အချုပ်အခြာ အာဏာပိုင်အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာနှင့်အညီ အဆိုပါအမှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းပေးကြရမှာဖြစ်ပါတယ်။ ဒီလိုဖြေရှင်းနိုင်ဖို့ကိုလည်း မြန်မာ့ လူ့အဖွဲ့အစည်းကို ကာကွယ်ထိန်းချုပ်နိုင်တဲ့ တည်ဆဲဥပဒေတွေရှိပြီး ရာဇသတ်ကြီးဥပဒေဆိုရင် ယင်းရဲ့အကြီးမားဆုံးရည်ရွယ်ချက်က ပြစ်ဒဏ်စီရင်ခြင်းနှင့် နမူနာပြ၍ နောက်ထပ်ပြစ်မှုမကျူးလွန်ရဲ အောင် ကာကွယ်တားဆီးရန် ဖြစ်တယ်လို့ ဆိုထားပါတယ်။ အပြစ်ကျူးလွန်တဲ့သူ၊ အပြစ်ရှိတဲ့သူတွေကို လွတ်မြောက်စေပြီး ဥပဒေအထက်မှာရှိနေမယ်ဆိုရင်တော့ ပြစ်မှုတွေကို ထပ်ကာထပ်ကာကျူးလွန်နိုင် ပြီး လူ့အဖွဲ့အစည်းဟာ ပျက်စီးရာပျက်စီးကြောင်း ဖြစ်လာမှာ ဧကန်မလွဲပါဘူး။

ဥက္ကဋ္ဌကြီးရှင့်။ အစိုးရတစ်ရပ်အနေနဲ့ မိမိတို့တာဝန်အရ မလုပ်နိုင်ဘူးဆိုတာမရှိရလေအောင် နိုင်ငံရဲ့အချုပ်အခြာအာဏာ တရားဝင်လွှဲအပ်ခြင်းခံထားရတဲ့ အစိုးရယန္တရားတည်ရှိမှု၊ လည်ပတ်နေမှု တို့ကို ထောက်ပြလိုပါတယ်။ ဒီ Slide ထဲမှာ မြန်မာနိုင်ငံ လက်ရှိကျင့်သုံးနေတဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဏ္ဍိုင်ကြီးသုံးရပ်အား ခွဲဝေသတ်မှတ်ချက် အား ဖော်ပြထားခြင်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအာဏာ သက်ရောက်မှုနှင့် ဆောင်ရွက်ရမည့်အခြေအနေတို့ကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ထိုမဏ္ဍိုင်ကြီး သုံးခုထဲမှာ အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဝန်ကြီးဌာနများဟာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့ အခွင့်အာဏာများပေးအပ်ထားတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့ အခါမှာ ဥပဒေအားနည်းချက်ရှိလို့ ဆောင်ရွက်ရမှုခက်ခဲနေရင် မိမိတို့ဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ ဥပဒေတွေရရှိနိုင်ဖို့ ဥပဒေပြုရေးမဏ္ဍိုင်ကို တင်ပြဆောင်ရွက်ရမှာဖြစ်သလို ဥပဒေချိုးဖောက်သူများ

ကိုလည်း အရေးယူအပြစ်ပေးနိုင်ရန်နှင့် လိုအပ်ပါက ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ပေးနိုင်ရေးအတွက် နိုင်ငံတော်ကိုယ်စား တရားလိုအဖြစ်ဆောင်ရွက်ရတဲ့ ပြည်သူ့ရဲ့ ဥပဒေရုံးတို့နှင့် ချိတ်ဆက်ပြီး တရားရုံးအဆင့်ဆင့်မှာ လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒါကတော့ နိုင်ငံ့ဝန်ထမ်းပေါ် သတ်မှတ်ထားချက်အပိုင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်အစိုးရရဲ့မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် တည်မှီပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်ထားတဲ့တာဝန်များကို မိမိတို့ကျရာကဏ္ဍမှ တာဝန်သိသိသစ္စာရှိရှိဖြင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ ဝန်ထမ်းဆိုင်ရာခံစားခွင့်များရရှိသကဲ့သို့ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များ၊ လိုက်နာရမည့်စည်းကမ်းများ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့် နိုင်ငံတော်ယန္တရားကြီးတစ်ခုလုံးကို စဉ်ဆက်မပြတ်ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရသူများဖြစ်ပါတယ်။ ဆိုလိုသည်မှာ ဝန်ထမ်းများအနေနဲ့ မိမိတို့၏ပေးအပ်ထားသောတာဝန်များ၊ စည်းကမ်းများလိုက်နာမှုမရှိပါက ဌာနဆိုင်ရာအရေးယူခြင်းအပြင် ပြစ်မှု၊ ပြစ်ဒစ်များအရ အရေးယူခြင်းခံရခြင်းတို့ဖြင့် ထိန်းချုပ်ကြပ်မတ်ထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနမှ အဆိုပါသစ်ခိုးထုတ်မှုများအတွက် အဓိကတာဝန်ရှိတဲ့ဌာနဖြစ်ပေမဲ့ သစ်တောများရှိရာဒေသရှိမြို့နယ်များတွင် သစ်တောဦးစီးဌာနတစ်ခုတည်းဖြင့် အဆိုပါပြဿနာကို မဖြေရှင်းနိုင်တာတွေ့ရပါတယ်။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအာဏာပိုင် ပြည်သူ့ရဲတို့နဲ့ ချိတ်ဆက်လုပ်ကိုင်မှု လိုအပ်နေပါတယ်။ သစ်ခိုးဂိုဏ်းများမှ Chain Saw များဖြင့် အုပ်စုဖွဲ့ တရားမဝင်သစ်ခိုးထုတ်နေသော်လည်း သစ်တောဝန်ထမ်းများဖြင့်သာ ဖမ်းဆီးရန် အခက်အခဲကြုံတွေ့နေရကြောင်း ဒါကြောင့် ပိုင်ရှင်မဲ့သစ်မှုများသာဖြစ်နေကြောင်း ကွန်မ မဲဆန္ဒနယ်မှ တာဝန်ရှိသူများက ရှင်းပြပါတယ်။ ၎င်းတို့တင်ပြချက်အရ တစ်လအတွင်းဖမ်းဆီးထားတဲ့သစ်မှုပေါင်း ၉၁ မှုရဲ့ စာရင်းကိုကြည့်ရာ ရှစ်မှုသာ တရားရုံးကိုတင်နိုင်ပြီး ကျန်အမှုတွေမှာ ပိုင်ရှင်မဲ့အမှုများသာ ဖြစ်နေပါတယ်။ ဒီအမှုရှစ်မှုကလည်း ပြည်သူတွေတင်ပြတိုင်တန်းတဲ့ သစ်ခိုးလမ်းကြီးတွေကနေ ၁၀ ဘီးကားကြီးတွေနဲ့ သစ်ခိုးထုတ်တဲ့ကိစ္စတွေ၊ လိုင်စင်မဲ့သစ်စက်တွေနဲ့ သစ်ခွဲပြီး သစ်မှောင်ခိုသယ်သွားတဲ့ကိစ္စတွေ မပါဝင်တာကို တွေ့ရှိရပါတယ်။ ဒီဥပမာလိုပဲ တစ်နိုင်ငံလုံးမှာ ကျူးလွန်နေလို့သာ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ သစ်တောပြုန်းတီးမှု အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရသလို ယနေ့အချိန်အထိ အိမ်နီးချင်းနိုင်ငံများသို့လည်း

တရားမဝင်သစ်တွေ ရောက်ရှိနေခြင်းဖြစ်ပါတယ်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်နှင့် အဂတိလိုက်စားမှုအစီအစဉ်တွေ ရှိနေပြီဖြစ်တဲ့အတွက် အစိုးရကောင်းတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရကောင်းတစ်ရပ်ပီသစွာ ဥပဒေမဲ့ကျူးလွန်နေသော သစ်ခိုးမှု၊ သစ်မှောင်ခိုမှုတို့အား ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆို။

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ဦးကျော်အောင်လွင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အစိုးရတာဝန်ထမ်းဆောင်ချိန်မှာ နိုင်ငံတစ်ဝန်းသစ်ထုတ်ခွင့် တစ်နှစ်နှင့် ပဲခူးရိုးမကို ၁၀ နှစ် ပိတ်ခဲ့ပါတယ်။ ကြိုဆိုပါတယ်။ ဒေသခံတွေအနေနဲ့ သစ်နဲ့ဝါးကို အားထားနေရပေမဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ၊ ရာသီဥတုဖောက်ပြန်မှုတွေ ကောင်းမွန်လာစေဖို့နဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေကို နောင်သားစဉ်မြေးဆက်အထိ စနစ်တကျသုံးစွဲနိုင်ဖို့ ကြိုဆိုလက်ခံခဲ့ကြတာပါ။ သို့ပေမဲ့လည်း ကျွန်တော်တို့ တမူးမြို့နယ်နဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့၊ ခြံစည်းရိုးသာခြားနားနေတဲ့ တစ်ဖက်အိန္ဒိယနိုင်ငံ မိုးရေးမြို့မှာတော့ ကျွန်တော်တို့ရဲ့အသစ်တွေကို လွတ်လွတ်လပ်လပ်ရောင်းဝယ်နေကြတာပါ။ သူတို့နိုင်ငံက သစ်တွေရှိမှုဖြစ်ပေမဲ့ အများစုက ကျွန်တော်တို့နိုင်ငံမှ တရားမဝင်နည်းလမ်းပေါင်းစုံနဲ့ခိုးထုတ်သွားတဲ့သစ်တွေဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကသစ်တွေကို ကိုယ်တိုင်မသုံးရဘဲ သူများနိုင်ငံမှာလွယ်လွယ်ကူကူ ရောင်းဝယ်နေကြတာအင်မတန် ရင်နာစရာကောင်းပါတယ်။ ဒါဆိုရင် ဒီသစ်တွေ တစ်ဖက်နိုင်ငံကို ဘယ်လိုနည်းနဲ့ရောက်လာခဲ့ကြသလဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်ဆိုသလိုပါပဲ။ ထွက်ပေါက်တွေရှိနေလို့ပါ။ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ခြံစည်းရိုးသာခြားနားနေတဲ့အတွက် ကျွန်တော်တို့ တမူးမြို့နယ်မှာ မကြာခဏသစ်မှောင်ခိုခိုးထုတ်မှုတွေရှိနေပါတယ်။ ဒါတွေကို တားဆီးနိုင်ဖို့ ခိုင်လုံတဲ့သတင်းရပ်ကွက်တွေကရရှိတဲ့အချက်အလက်တွေနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ချိတ်ဆက်ပြီး ကျွန်တော်ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဖြစ်စဉ်တစ်ခုမှာ တမူးမြို့နဲ့ မိုင် ၃၀ လောက်ဝေးတဲ့နေရာမှာ သစ်မှောင်ခိုကားတချို့နဲ့ ညနေပိုင်းမှာ သစ်ခိုးထုတ်ဖို့ရှိနေတယ်လို့ ယူဆရတဲ့အတွက် သက်ဆိုင်ရာနဲ့ချိတ်ဆက်

ဆောင်ရွက်ခဲ့ပါတယ်။ သတင်းပို့ပြီး တစ်နာရီလောက်မှာပဲ ဌာနကစတင်ထွက်ခွာပြီဖြစ်ကြောင်း တာဝန်ရှိသူက ကျွန်တော့်ထံအကြောင်းကြားလာပါတယ်။ အဲဒီအချိန်မှာပဲ သစ်မှောင်ခိုကားတွေထဲက အချို့ဟာ မိုးချုပ်အောင်မစောင့်တော့ဘဲ နေဝင်ချိန်လေးမှာ သစ်အပြည့်နဲ့ထွက်ခွာသွားပါပြီ။ အရင်ရက်တွေကတော့ သစ်ကားတွေဟာ ည ၉ နာရီ၊ ၁၀ နာရီလောက်မှထွက်တယ်လို့ သတင်းရထားတာပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေရောက်တော့ မမီတော့ပါဘူး။ နောက်ဖြစ်စဉ်တစ်ခုက သစ်အပြည့်နဲ့ ကားတချို့ ရွာကိုဖြတ်ပြီး တစ်ဖက်နိုင်ငံကို ပို့ဆောင်တော့မယ်လို့ အခိုင်အမာသတင်းရလို့ သက်ဆိုင်ရာမြို့နယ်ခွဲတာဝန်ရှိသူကို သတင်းပို့လိုက်ရာမှ ဌာနကလာပါတယ်။ နာရီဝက်လောက်နောက်ကျပြီးမှလာတဲ့အတွက် မမီတော့ပါဘူး။ နောက်ဖြစ်စဉ်တစ်ခုကတော့ ရွာတစ်ရွာမှာ ကျွန်းသစ်အပြည့်နဲ့ကားတစ်စီးရှိနေကြောင်း မကြာခင် တစ်ဖက်နိုင်ငံကိုပို့တော့မယ်လို့ ယူဆရကြောင်း သတင်းရရှိပါတယ်။ သက်ဆိုင်ရာကို ကျွန်တော်ချိတ်ဆက်ပါတယ်။ တာဝန်ရှိသူတွေသွားပါတယ်။ ကားကိုတွေ့ပါတယ်။ ကားပေါ်မှာ ဘာသစ်မှမရှိပါဘူး။ ရွာအစွန်တောထဲမှာတော့ ကျွန်းသစ်တွေကို ပိုင်ရှင်မဲ့အနေနဲ့ဖမ်းဆီးရရှိပါတယ်။ ဒီဖြစ်စဉ်တွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် အဓိကသတင်းပေါက်ကြားမှုဖြစ်နေတာပါ။ ၁၃-၆-၂၀၁၆ နဲ့ ၁၄-၆-၂၀၁၆ မှာ နှစ်ရက်သာကျင်းပခဲ့တဲ့ သစ်တောပြန်လည်ထူထောင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ တရားမဝင်သစ်ဖမ်းဆီးရေးကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့နဲ့ သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်းကို ငါးနှစ်စီမံကိန်းနှစ်ကြိမ် စုစုပေါင်း ၁၀ နှစ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ဖို့ ပြောကြားခဲ့ပါတယ်။ မူဝါဒတွေမည်မျှကောင်းပါစေ၊ ဥပဒေတွေ ဘယ်လိုပြဋ္ဌာန်းပါစေ၊ လုပ်ငန်းစဉ်တွေဘယ်လိုချမှတ်ပါစေ လိုက်နာကျင့်သုံးရမယ့်လူတွေက အမှန်တကယ်လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာဌာနတွေမှာ တာဝန်ရှိသူတွေက လတ်တစ်လုံးခြားဆောင်ရွက်နေမယ်ဆိုရင် ဘယ်လိုမှတားဆီးနိုင်မယ်မဟုတ်ပါဘူး။ တရားဥပဒေကို စိုးမိုးအကောင်အထည်ဖော် ဆောင်ရွက်ရမယ့်တာဝန်ရှိသူတွေထဲကအချို့တွေက အကျင့်ဆိုးတွေကို ဆက်လက်ကျင့်သုံးနေကြဆဲဖြစ်လို့ အမြန်ဆုံးပြုပြင်ပြောင်းလဲမှုတွေနဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ လိုအပ်နေပါပြီ။

နိဂုံးချုပ်အနေနဲ့ ဆရာကြီးဦးအောင်သိန်းရဲ့ ဟောပြောချက်တစ်ခုကို ပြောပြလိုပါတယ်။ ဆရာကြီးရဲ့မိတ်ဆွေ လုပ်ငန်းရှင်တစ်ဦးက သူ့ရဲ့လုပ်ငန်းပိုမိုတိုးတက်စေဖို့ အတွေ့အကြုံရှိတဲ့အစိုးရဝန်ထမ်းတွေကိုခေါ်ယူခန့်ထားပါတယ်။ သိပ်မကြာခင်မှာပဲ အားလုံးဖြုတ်လိုက်ရပါတယ်တဲ့။ ဘာဖြစ်

လို့လဲဆိုတော့ အကျင့်ပါနေလို့ပါတဲ့။ အခုလည်းပဲ အကျင့်ပါနေတဲ့တာဝန်ရှိသူတွေကို ဘယ်လို ထိန်းကျောင်းကိုင်တွယ်ကြမလဲဆိုတာ အရေးကြီးကိစ္စတစ်ခုဖြစ်နေပါကြောင်း ပြောကြားရင်း ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်ရဲ့သစ်မှောင်ခိုအမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျော်အောင်လွင်ရဲ့ အဆိုမှာ တရားမဝင်သစ်ခိုးထုတ်မှုတွေ အကြီးအကျယ်ဖြစ်ပွားနေတာဟာ စိတ်ကွယ်ရာမဟုတ်ဘဲ သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်းတံတားဂိတ်တွေအဆင့်ဆင့်ကို ဖြတ်ကျော်ဖြတ်သွားနေရကြောင်း တင်ပြထားပါတယ်။ အကျင့်စာရိတ္တကောင်းတဲ့ဝန်ထမ်းတွေလည်းရှိသလို ဝန်ထမ်းဆိုးတွေက အခုအချိန်ထိ မပြောင်းလဲသေးတဲ့စိတ်ဓာတ်တွေနဲ့တိုင်းပြည်မျက်နှာကိုမကြည့်ဘဲ သစ်ခိုးထုတ်သူများနှင့် ပုလဲနံပါတ်သင့်ပြီး ပေါင်းစားနေကြတာကို တွေ့ရပါတယ်။ လမ်းမကြီးတွေပေါ်မှာ ဂိတ်တွေအမျိုးမျိုးရှိပါတယ်။ ဝါးလုံးဖြူနီကျားတွေနဲ့တားပြီးစစ်ဆေးကြပါတယ်။ ဒါကြောင့် ပြည်သူတွေက သူတို့ကို ပြောင်လှောင်သရော်ကြပါတယ်။ ဝါးတားဂိတ်ပါတဲ့။ ထို့နောက် စစ်ပြီးတော့လည်း တောင်းကြပါတယ်။ ထို့ကြောင့် သူတို့ကို စစ်/တောင်းဂိတ်ပါတဲ့။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျော်အောင်လွင်ရဲ့အဆိုမှာ ငါတို့ကမဖမ်းချင်ဘူး။ မင်းတို့တင်တဲ့ကိုယ်စားလှယ်တွေက ဖမ်းခိုင်းလို့ဖမ်းရတာ။ မဲပေးချင်အုံးလေလို့ ပြည်သူတွေနဲ့ကျွန်တော်တို့ကို ကိုယ်စားလှယ်တွေနဲ့ ရန်တိုက်ပေးခြင်းတွေ တွေ့လာရတာ ဒါအမှန်ပါ။ တကယ်ကြုံနေပါတယ်။ ဒီလိုပြောတာဆိုတာတွေဟာ ရှင်းရှင်းပြောရရင် နိုင်ငံရေးလုပ်ကြံမှုအသွင်ဆောင်လာပါတယ်။ တကယ်စိတ်မကောင်းစရာပါ။ နှစ်ပေါင်းများစွာ အမှောင်လောကကြီးထဲက ဝန်ထမ်းတွေကို ဖျက်ဆီးခဲ့ပါပြီ။ အမှောင်လောကကြီးမှာ မဟုတ်တာတွေလုပ်နေတဲ့သူတွေကို ကျွန်တော်တို့က ဓာတ်မီးနဲ့ထိုးမိသလိုပါပဲ။ ဓာတ်မီးနဲ့ထိုးတဲ့သူကို ပြန်ပြီးရန်ရှာနေပါပြီ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ခိုးထုတ်မှုတွေဟာ အချို့ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ၊ အချို့မြို့နယ်တာဝန်ရှိသူတွေပါဝင်နေကြောင်း ဦးကျော်အောင်လွင်ရဲ့အဆိုမှာ ပါဝင်ထောက်ပြထားပါတယ်။ ဟုတ်ပါတယ်။ ငါးသလောက်ဆိုတာ အရိုးဆူးတယ်။ ပေါင်းစားရင် အရိုးနူးပြီးစားကောင်းတယ်ဆိုတဲ့စကားဟာ ဒီစာရိတ္တပျက်နေတဲ့ဝန်ထမ်းတွေရဲ့လောကဆိုရိုးစကားပါ။ လွန်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁-၆-၂၀၁၆ ရက်နေ့မှာ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က Chain Saw ခေါ် လက်ကိုင်စက်လွှ တွေကို တားဆီးပေးဖို့ လွှတ်တော်မှာ ဆွေးနွေးဖူးပါတယ်။ အဲဒီကာလပတ်ဝန်းကျင်ကတော့ Chain Saw သံတွေ၊ လက်ကိုင်စက်လွှသံတွေ အသံနည်းနည်းစဲသွားခဲ့ပါတယ်။ အခုတော့ပြန်ပြီး တစ်စခန်း ထလာကြပြန်ပါပြီ။ သစ်တောတွေထဲမှာ၊ ရိုးမတောင်တန်းတွေပေါ်မှာ သမင်ကတောက် ခြေကဟောက် မျောက်ကကြိုးခွေ ဒေါင်းအိုးဝေဆိုတဲ့ တောငှက်သံ တောကောင်သံ မကြားရတော့ပါဘူး။ Chain Saw သံ၊ လက်ကိုင်စက်လွှသံတညံညံနဲ့ တောစောင့်နတ်တောင်စောင့်နတ်တွေတောင် နားငြီးလောက်ပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်လက်ထက်မှာ ပဲခူးရိုးမထဲမှာ အစိုးရရဲ့သစ်ထုတ်လုပ်ရေးကို ၁၀ နှစ်ရပ်ဆိုင်းလိုက်ပါတယ်။ ဒါကြောင့် နောင် ၁၀ နှစ်လောက်ကြာလာရင် ပဲခူးရိုးမကြီးစိမ်းလန်းစိုပြည်လာမယ်လို့ မျှော်လင့်လို့မရပါဘူးခင်ဗျား။ ပဲခူးရိုးမကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းကြီးသုံးလမ်းရှိပါတယ်။ နေပြည်တော်-ချောင်းနက်လမ်း၊ နေပြည်တော်-ကံပြား-မကွေးလမ်း၊ သာဂရ-ကိုးပင်လမ်းတွေပါ။ အဲဒီလမ်းမကြီးတွေပေါ်မှာ ညစဉ်ညတိုင်း မော်တော်ဆိုင်ကယ်နဲ့တစ်မျိုး ကားကြီးကားငယ်အသွယ်သွယ်နဲ့တစ်ဖုံ သစ်ခိုးထုတ်နေတာတွေ တွေ့မြင်ရပါတယ်။ ကားကြီးကားငယ်ဆိုရာမှာ PARJADO၊ SURF၊ PARADO စတဲ့ ကားကောင်းသန့်သန့် လူခန့်ခန့် လူကြီးလူကောင်းတွေ ပါနေတာကို ကျွန်တော်တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးဝိသမာလောဘသမားတွေဟာ ဝန်ထမ်းတွေကို ဖျက်ဆီးကြရသလို သူတို့ရဲ့စီးပွားရေးအတွက်ဆိုရင် ဘာကိုမှ ထည့်မတွက်တော့ပါဘူး။ လုပ်ကောင်း၏ မလုပ်ကောင်း၏၊ သင့်လျော်၏/မသင့်လျော်၏ လုံးလုံးမတွက်တော့ပါဘူး။ ဒီကနေ့သစ်ခိုးထုတ်တဲ့နေရာမှာ လူမှုရေးအသင်းအဖွဲ့များရဲ့ကားတွေကို အသုံးချနေပါတယ်။ နာရေးကူညီမှုကားတွေ၊ လူနာတင်ယာဉ်ကားတွေကိုတောင် အသုံးချလာပါတယ်။ နောက်ဆုံးကျ ကုန်ကုန်ပြောရရင် ဘယ်ကျောင်းတိုက် ဘယ်မြို့က ဘယ်ဆရာတော်ရဲ့ကားဆိုပြီးတော့ စတစ်ကာစာတန်းအတုတွေကို ကားတွေမှာကပ်ပြီး သစ်ခွဲသားတွေတင်ပြီးတော့ ခိုးထုတ်နေတာကို ကျွန်တော်တို့တွေ့ရပါ

တယ်။ အဲဒါတွေကို မိအောင်ဖမ်းပေးတဲ့သစ်တောဝန်ထမ်းများ၊ ရဲဝန်ထမ်းများရှိပါတယ်။ အဲဒီဝန်ထမ်းတွေကို နိုင်ငံတော်က အသိအမှတ်လေးပြုပေးစေချင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့လက်ကိုင်ဖုန်းတွေကို သုံးနိုင်တာဟာ တိုးတက်မှုတစ်ခုပါပဲ။ ကောင်းကျိုးပေးသလို ဆိုးကျိုးလည်းပေးပါတယ်။ ဒီနေ့တာဝန်ကျဝန်ထမ်းတွေနဲ့ သစ်မှောင်ခိုသမားတွေဟာ သူ့ဖုန်းကိုယ်ဖုန်း ဖုန်းနံပါတ်တွေလဲလှယ်ကြပြီး ဘယ်နေ့မင်းတို့ဘယ်လမ်းကလာ ကားနံပါတ်ပြောထား ကျသင့်ငွေကို ဘယ်နေ့ဘယ်ဆိုင်မှာရှင်းမယ်စသည်ဖြင့် အလွယ်တကူဆက်သွယ်နေကြပါပြီ။ ဘယ်နေ့ကျဘယ်လူကြီးလာမှာ မသယ်နဲ့ဦး စသည်အားဖြင့် သတင်းပေးညှိနှိုင်းနေကြတာဟာ ညှိနှိုင်းခြင်းသည်အင်အားတစ်ရပ်ဖြစ်ပြီး သစ်တောတွေလည်း ပြုန်းကုန်ပါပြီ။ ဒီလိုဒီလိုနဲ့ အကျင့်ပျက်ဝန်ထမ်း စီးပွားရေးဝိသမလောဘသားတွေရဲ့ ထိုးနှက်ခုတ်ထစ်မှုကြောင့် သစ်တောတွေလည်းပျောက် စမ်းရေတွေလည်းခြောက်ခဲ့ပါပြီ။ သစ်ခိုးထုတ်တဲ့ဂိုဏ်းသားတွေကပြောနေကြပါပြီ။ သစ်တောရေးရာဆောင်ပုဒ်ကို ပြောင်းပြန်လှန်ပစ်ကြပါတယ်။ ကြီးမြတ်သစ်ပင်စိုက်ပျိုးလျှင် မင်းတို့လဲရ ငါလည်းပွလို့ဖြစ်ပါတယ်။ ဒါကြောင့် ဦးကျော်အောင်လွင်ရဲ့အဆိုကို ကျွန်တော်တို့ လေးလေးနက်နက်ထောက်ခံလိုက်ရင်း သစ်ခိုးထုတ်မှုများကို တားဆီးပေးပါ။ ဖမ်းဆီးရမိအောင်ကြိုးစားပေးလျှင် သစ်တောဝန်ထမ်းများကို၊ ရဲဝန်ထမ်းများကိုလည်း နိုင်ငံတော်က ဂုဏ်ပြုပေးသင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က သစ်တောတွေ အလျင်အမြန်ပြုန်းတီးနေတာကို ကာကွယ်လိုပြီး မြန်မာ့အဖိုးတန်သစ်များ ခိုးထုတ်ခံရနေမှုကို ရပ်တန့်စေလိုတဲ့ စေတနာ၊ နိုင်ငံအတွင်း အမှန်တကယ်ဖြစ်ပျက်နေတာတွေကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားတဲ့အထဲက အချက်သုံးချက်ကို ကောက်နုတ်ပြီးမှ ထောက်ခံဆွေးနွေးသွားပါ့မယ်။ ပထမအချက်ကတော့ သစ်ခိုးထုတ်

မှုတွေ အလွန်များပြားပြီးမှ အုပ်စုဖွဲ့လုပ်ဆောင်နေကာ သူတို့ရဲ့လက်တံရှည်ပြီး တရားဥပဒေစိုးမိုးမှုမရှိ ဖြစ်နေတာကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်ရှိ တာဝန်ရှိသူတွေ၊ သက်ဆိုင်ရာ ရဲဂိတ်၊ လမ်းတံတားဂိတ်တွေ တာဝန်ကျေကြမယ်ဆိုလို့ရှိရင် အများစုတားဆီးနိုင်မယ်လို့ တင်ပြသွားပါတယ်။ သစ်များ ဖမ်းဆီးနိုင်မှုမှာ သတင်းပေးတိုင်ကြားသူအများစုဟာ ပြည်သူများဖြစ်ကြပါတယ်။ သတင်း အတည်ပြုနိုင်ရန် ကျေးရွာအုပ်စု တာဝန်ရှိသူများထံကို ဖုန်းဆက်သွယ်မေးမြန်းရတဲ့အခါမှာ မသိဘူး လို့သာ ဖြေကြားကြပါတယ်။ ကျေးရွာအလိုက်၊ အုပ်စုအလိုက်၊ မိမိဒေသ မိမိတာဝန်ယူပြီးတော့မှ မြို့နယ် တာဝန်ရှိသူထံ သတင်းပို့၊ မြို့နယ်အဆင့်ကလည်း တာဝန်ကျေကြမယ်ဆိုလို့ရှိရင် အများစုတားဆီးနိုင် မှာဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့မြို့နယ်မှာဆိုလို့ရှိရင် ပင်းခါးလမ်းဆုံ ဆိုတာရှိပါတယ်။ အဲဒီ လမ်းဆုံဟာဆိုလို့ရှိရင် မံယူကြီးဒေသဆိပ်၊ ဂဏန်းဒေသဆိပ်၊ မံစီကြီးဒေသဆိပ်၊ ဒေသဆိပ်များ ကလာမယ်ဆိုလို့ရှိရင် လမ်းဆုံကို ရှောင်ကွင်းလို့မရပါဘူး။ လမ်းဆုံဂိတ်မှာ တာဝန်ကျေမယ်ဆိုလို့ရှိရင် သစ်အများစုကို ဖမ်းဆီးနိုင်မှာဖြစ်ပါတယ်။ တာဝန်သိ၊ တာဝန်ခံပြီး တာဝန်ကျေကြဖို့ လိုအပ်တယ်လို့ ထောက်ခံဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ သစ်ခိုးထုတ်မှုတွေ ဖမ်းဆီးရာမှာ ငါတို့ကမဖမ်းချင် ဘူး။ NLD ကိုယ်စားလှယ်တွေ ဖမ်းခိုင်းလို့ ဖမ်းရတာပါ။ မင်းတို့မဲပေးချင်ကြဦးဆိုပြီးတော့မှ ပြောကြားခြင်း၊ နောက် မြန်မာ့အဖိုးတန်သယံဇာတတွေ ခိုးထုတ်မှုတွေကို မသိကျိုးကျွန်ပြု ပြည်သူနှင့် ရန်တိုက်၊ နိုင်ငံရေးအတွက် အမိပ္ပာယ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်နေမှုတွေက အမှန်တကယ် ဖြစ်ပျက်နေတာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ထိထိရောက်ရောက် တားဆီးဆောင်ရွက်သင့်လှပါတယ်။ တတိယအချက်အနေနဲ့ နိုင်ငံတစ်ဝန်း တစ်နှစ်သစ်ထုတ်လုပ်မှုတွေ ရပ်ဆိုင်းခဲ့တာ နတ်လူသာခုခေါ်ပေမဲ့ အောက်ခြေအဆင့်မှာ တရားဥပဒေစိုးမိုးမှု မေးခွန်းထုတ်စရာ ရှိပါတယ်လို့ တင်ပြသွားပါတယ်။ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးမယ်ဆိုလို့ရှိရင် အာဏာသက်ရောက်ရမှာ ဖြစ်ပါတယ်။ ဥပဒေမလိုက်နာသူ၊ ဥပဒေချိုးဖောက်သူ မည်သူ့ကိုမဆို မည်သည့်နေရာတွင် ကျူးလွန်သူ ဖြစ်စေ အရေးယူခြင်းခံရပါမယ်။ သစ်တောဥပဒေ(၈/၉၂)ကို ၃-၁၁-၁၉၉၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အခန်း(၁၀) ရှာဖွေဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း ပုဒ်မ ၃၂၊ ပုဒ်မ ၃၆ ကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အခန်း(၁၂) ပြစ်မှု၊ ပြစ်ဒဏ်များ ပုဒ်မ ၄၀ မှ ပုဒ်မ ၄၈ အထိ ပြစ်ဒဏ်များ ပြဋ္ဌာန်းထားပြီးတော့ ကျူးလွန်သူ၊ ပူးပေါင်းပါဝင်သူ၊ အဂတိလိုက်စားသူများကို အရေးယူ ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၉၀ မှာ နိုင်ငံသားတိုင်းဟာဆိုလို့ရှိရင်

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။ အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံသားတိုင်း၊ ဝန်ထမ်းများအပါအဝင် တာဝန်ရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဗန်းမောက်မြို့နယ်မှာဆိုလို့ရှိရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖမ်းဆီးရမိတဲ့ ပိုင်ရှင်မဲ့သစ် ၁၀၆ မှု၊ ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိမှု ၁၃ မှုရှိပြီးတော့ ၉ မှုက အမှုပြီးပြတ်ပြီးမှ ၄ မှုက စွဲဆိုထားဆဲဖြစ်ပါတယ်။ ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိတဲ့သစ်က ၃၅.၆၇ တန်ဖြစ်ပြီးတော့ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိမှုက ၅၅၇.၅၃ တန် ဖြစ်ပါတယ်။ အများစုဟာပိုင်ရှင်မဲ့များဖြစ်ကြပြီးမှ ဖမ်းဆီးရမိတဲ့ သစ်တင်ကားများဟာလည်း လိုင်စင်မဲ့ကားများသာဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖမ်းဆီးရမိတဲ့သစ်အများစုဟာ တာဝန်သိပြည်သူများက သတင်းပေးလို့သာ ဖမ်းမိရခြင်းဖြစ်ပါတယ်။ တာဝန်ရှိသူများထံ သတင်းပေးပြီးတော့မှ ဖမ်းဆီးခိုင်းရာမှာဆိုလို့ရှိရင် တချို့ ဖမ်းဆီးရမိပြီးမှ တစ်ခါတစ်ရံမှာ သတင်းပေါက်တဲ့အတွက် သစ်တင်တဲ့နေရာမှ ကားများဟာ မောင်းထွက်သွားခြင်း၊ ပုန်းအောင်းခြင်း၊ သစ်များတင်ယူ၍ မောင်းလာစဉ် သတင်းရ၍ နောက်ပြန်လှည့်သွားခြင်း၊ သစ်များ ချပုံထားပြီးတော့မှ ကားများ ရုန်းထွက်သွားခြင်း၊ ရှောင်တိမ်းမရလျှင် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခြင်းများ အမှန်တကယ်ဖြစ်ပေါ်နေပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုင်ရှင်မဲ့ဖမ်းဆီးမိလျှင်လည်း ဆက်စပ်သူများ ကွင်းဆက်လိုက်လံစုံစမ်းဖော်ထုတ်မှု အားနည်းနေပါတယ်။ သစ်ခိုးထုတ်သူများ၊ ရှေ့မှ လမ်းရှင်းသူများ၊ ပူးပေါင်းဆောင်ရွက်သူများ၊ တာဝန်ပျက်ကွက်သူများ စနစ်တကျ ကွင်းဆက်မပြတ် စုံစမ်းဖော်ထုတ်ရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရမည်လို့ ပြဋ္ဌာန်းထားပါသဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ပါရန်နှင့် ဦးအောင်ကျော်လွင်ရဲ့နိုင်ငံတစ်ဝန်း ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မက လှိုင်ကော်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ သစ်မှောင်ခိုခြင်းနှင့် သစ်ခိုးထုတ်ခြင်းဟာ သစ်တောပြုန်းတီးမှုကိုဖြစ်စေတဲ့ အကြောင်းတရားတစ်ခုဖြစ်ပါတယ်။ သစ်တောပြုန်းတီးခြင်းဟာလည်း သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်လူ့အဖွဲ့အစည်းအတွက်ပါ ထိခိုက်စေခြင်းဖြစ်လို့ ကြောင်းကျိုးဖော်ပြပြီးတော့ ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအကြံပြုသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့စွဲနှင့် ကျွန်မရဲ့ကြယ်ပွင့်ပြမေးခွန်းအား ကြယ်ပွင့်မပြအဖြစ် ပြန်လည်ဖြေကြားရာမှာ သစ်တောဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ တရားမဝင်ကျွန်းသစ်များ၊ တရားခံများ၊ ယာဉ်ယန္တရားများ ဖမ်းဆီးရမိရာ လွန်ခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်း ဖမ်းဆီးရမှုများအနက် ဒုတိယအများဆုံးဖြစ်ပြီး ဖမ်းဆီးရမိတဲ့ တရားခံများအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးစတဲ့ ဆောင်ရွက်ထားရှိပြီးကြောင်း ဖြေကြားမှုကို ဝမ်းသာနေရသော်လည်း ယခုနှစ်အတွင်း များပြားလှတဲ့ တရားမဝင်သစ်များဖမ်းဆီးရမိတဲ့ဖြစ်စဉ်များဟာ မနေ့တနေ့အထိ သတင်းစာများမှာ ဖော်ပြလျက်ရှိတဲ့အတွက် ဒီအားစိုက်မှုကို ပိုပြီးတော့ အားစိုက်ရန်လိုသေးပါကြောင်း တင်ပြလိုပါတယ်။ ၁၉၉၂ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ သစ်တောဥပဒေဟာ ယခုခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိခြင်းကြောင့် ယခုခေတ်ကာလနှင့် ကိုက်ညီသင့်လျော်မယ့် ပြစ်မှု၊ ပြစ်ဒဏ်ချမှတ်နိုင်ရေး၊ သစ်တောဥပဒေသစ်ပြန်လည်ရေးဆွဲခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားရှိပြီးပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ယခုအချိန်အထိ အဲဒီဥပဒေကို ပြည်သူများနှင့်အတူ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်၊ ဝန်ထမ်းများရော မသိရှိသေးတဲ့အတွက် သိရှိအောင် မျှဝေပေးပါလို့ ပန်ကြားချင်ပါတယ်။ သစ်များရဲ့လားရာဖြစ်တဲ့ တရုတ်ပြည်ကိုသွားတဲ့ လမ်းတစ်ကြောမှာ သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်းတံတားဂိတ်တွေအသီးသီးကို ဖြတ်ကျော်ရပါတယ်။ အဲဒီလမ်းကြောင်းပေါ်ရဲ့ဖြစ်စဉ်များကို တာဝန်သိတဲ့ပြည်သူနဲ့ အရပ်ဘက်အဖွဲ့အစည်းများဟာ တိကျတဲ့သတင်းပေးပေမဲ့ ဌာနဆိုင်ရာအဆင့်ဆင့်ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းနေတဲ့အတွက် သတင်းပေးသူများကိုယ်တိုင် အန္တရာယ်ပြုမှု၊ ခြိမ်းခြောက်မှုခံရပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေနဲ့ သတင်းလုံခြုံမှုကို တာဝန်ယူ၊

တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ သတင်းပေးတဲ့သူတိုင်းရှိပေမဲ့ သတင်းလက်ခံသူ တာဝန်ရှိပုဂ္ဂိုလ်က အဲဒီသတင်းပေးမှုကို လွဲမှားစွာအသုံးချပြီး တရားမဝင်သစ်ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဟာ အစဉ်အလာလိုဖြစ်ပြီး ပြောင်ပြောင်တင်းတင်း၊ အဂတိလိုက်စားမှုနှင့် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေပါတယ်။ တာဝန်သိသိနဲ့၊ စေတနာနဲ့ သတင်းပေးတဲ့ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တာဝန်ကျေမှုကို အသိအမှတ်မပြုဘဲ စော်ကားသလိုဖြစ်နေပါတယ်။ သတင်းလုံခြုံမှု နဲ့ ပုဂ္ဂိုလ်ရေးလုံခြုံမှုမရှိလို့ ကျွန်မတို့ကယားပြည်နယ်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးကိုယ်တိုင်တောင် သေနတ်နဲ့ ချိန်ရွယ်ခြင်းကို ခံခဲ့ရပါတယ်။ တရားမဝင်သစ်များ ဖမ်းမိခြင်းအပေါ် အရေးယူရာမှာလည်း သစ်တောဝန်ထမ်းများ၊ သတင်းတပ်ဖွဲ့များသာ အရေးယူပြီး ရဲဝန်ထမ်းများ၊ ရာခိုင်နှုန်းများများလွတ်မြောက်ပြီး အရေးယူခြင်းမခံရတဲ့အတွက် ၎င်းတို့နှင့် ထပ်မံ ချိတ်ဆက်ပြီး တရားမဝင်သစ်များ ထုတ်လုပ်သူများက ဆက်လက်ကျူးလွန်နေခြင်းဟာ ၎င်းဖြစ်စဉ်ကို ဆက်လက်ရှင်သန်စေပါတယ်။ ဒါကြောင့် လွတ်မြောက်သွားတဲ့ တရားမဝင်သစ်ထုတ်လုပ်သူရဲ့စကား အရ ပြောရမယ်ဆိုလို့ရှိရင် မလုပ်တတ်လို့၊ မပေးတတ်လို့ အဖမ်းခံရတာ။ တတ်ရင်ရပါတယ်ကွာဆိုတဲ့ ပြောဆိုမှုတွေဟာ တရားဥပဒေစိုးမိုးရေးကို ရဲတင်းစွာထပ်မံစိန်ခေါ်လိုက်ပါတယ်။ တရားမဝင်သစ်များ ရဲ့မူလအရင်းအမြစ်ဖြစ်တဲ့ သစ်တောများရဲ့လုံခြုံမှု၊ သစ်ခုတ်လုပ်မှုကို ကာကွယ်ရန်အပြင် သစ်တော မှာရှိတဲ့ သစ်အမျိုးအစား၊ သစ်အရေအတွက်၊ အရည်အသွေးကိုလည်း တရားဝင်ပြုစုဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လုံးဝ ရပ်ဆိုင်းခဲ့ပြီး လက်ကျန်သစ်များကိုသာ ထုတ်လုပ်ရောင်းချခဲ့တယ်လို့ဆိုပေမဲ့ သစ်တောကုန်မှ လက်ကျန်သစ်ကုန်ရတော့မလို ဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်စီမံကိန်းမှာ နိုင်ငံပိုင်အခန်းက ကျွန်းနှင့် သစ်မာတိုင် ကျွန်းနှင့် သစ်မာအမျိုးတို့ကိုထုတ်လုပ်ရန် ရည်မှန်းထားချက် အပေါ် တရားမဝင် သစ်ထုတ်လုပ်သူများက အာရုံစိုက်နေတာကိုလည်း သတိချပ်ရမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို ကာကွယ်ရန်နှင့် တရားဥပဒေစိုးမိုးရေးဟာလည်း အရေးကြီးပါတယ်။ ဥပမာ ပြောရမယ်ဆိုလို့ရှိရင် ကျွန်မတို့ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ်၊ သံလွင်အရှေ့ခြမ်း ဟွေးတိုးကိုင်ချောင်းတစ်ချောင်းရှိ ကြိုးပြင်ကာကွယ်တောနှင့် နမ့်ပိန်းလိန်ကြိုးပြင်ကာကွယ်တော တို့ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရမှ တာဝန်ယူ၊ တာဝန်ခံ ထိန်းသိမ်း စောင့်ရှောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရဲ့လမ်းညွှန်ချက်အရ သစ်တောကြိုးဝိုင်းနဲ့

ကာကွယ်တောများကို မူလထက်လျော့နည်းမသွားအောင် သတိထားဖို့လိုကြောင်းကို တာဝန်ရှိသူအားလုံးက ပြန်လည်သတိရစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ထပ်မံအကြံပြုလိုတာကတော့ သတင်းပေးတဲ့ သတင်းပေးသူနဲ့ သတင်းလုံခြုံမှုရအောင် အထူးအစီအစဉ်ပြုလုပ်ဖို့လိုပါတယ်။ တရားမဝင်သစ်ဖမ်းဆီးမှုကို အားပေးတဲ့အနေနဲ့ ဆုပေး၊ ဒဏ်ပေးစနစ်ကို ပြုလုပ်သင့်ပါတယ်။ ဆုပေးရာမှာလည်း နောက်ဖြစ်လာမယ့် ဆိုးကျိုးကောင်းကျိုးတွေကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဒဏ်ပေးရမယ်ဆိုတာလည်း အကျင့်ပျက်ပုဂ္ဂိုလ်များအားလုံးကို ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန်အရေးယူရပါမယ်။ ကျွန်မတို့ အစိုးရသစ်တစ်ရပ်အနေနဲ့ လုပ်ရန်ရှိတာကို ပြတ်ပြတ်သားသား၊ အင်နဲ့အားနဲ့ လုပ်ရန်ရှိဖို့လိုပါတယ်။ လူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထားရန်လိုကြောင်း တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင် တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ထုတ်လုပ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် မကွေးတိုင်းဒေသကြီး အောင်လံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သစ်မှောင်ခိုမှုများရှိနေတယ်။ ကျူးလွန်နေမှုများအများစုက လွတ်မြောက်နေတယ်။ ကြိုတင်သတင်းသတင်းယူ၊ သတင်းစု၊ စုံစမ်းထောက်လှမ်းမှုအလွန်အားနည်းနေတယ်ဆိုတဲ့ အခြေအနေအရပ်ရပ်ကြောင့် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးနေမှုကို ရပ်တန့်သွားစေလိုတဲ့အတွက် ဒီအဆိုကို တင်သွင်းခြင်း ဖြစ်တယ်လို့ ယူဆရပါတယ်။ ကျွန်တော်တို့အောင်လံမြို့နယ်က ဧရိယာဧက ၆၆၁၅၃၅ ဧကရှိပြီး သစ်တောကြိုးဝိုင်းခုနစ်ခု ဧရိယာ ၁၁၃၈၁၃၆ ဧကရှိတဲ့မြို့နယ်တစ်ခုဖြစ်တဲ့အတွက် မြို့နယ်အကျယ်အဝန်းရဲ့ ခြောက်ပုံတစ်ပုံဟာ သစ်တောဧရိယာများဖုံးလွှမ်းနေပါတယ်။ ဖုံးလွှမ်းနေတဲ့အတွက်ကြောင့် သစ်၊ သစ်ခွဲစက်ဖမ်းဆီးရရှိမှု၊ မြို့နယ်ဖြတ်ကျော်သစ်မှောင်ခိုသယ်ယူမှုဖြစ်စဉ်များရှိတဲ့မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဖမ်းဆီးရရှိမှုအချို့ရှိခဲ့သော်လည်း ပကတိဥပဒေမဲ့ ခုတ်ပြီးတော့ခိုးထုတ်နေတာနဲ့စာရင် မပြောပလောက်တဲ့အရေအတွက်လောက်ပဲရှိကြောင်း သစ်တောကြိုးဝိုင်းများအနီးမှာ

နေတဲ့ ပြည်သူများရဲ့ပြောကြားချက်များအရ ဒီအဆိုကိုဝင်ရောက်ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့် ရှေ့ကတင်ပြသွားတဲ့လွှတ်တော်ကိုယ်စားလှယ်အသီးသီးက ဖြစ်စဉ်ဖြစ်ရပ်အသေးစိတ်များနဲ့ တင်ပြသွားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အကြောင်းအရင်းကိုပဲ ဆက်လက်ဆွေးနွေး တင်ပြသွားပါမယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ခိုးထုတ်မှုဖြစ်စဉ်ကိုသုံးသပ်တင်ပြရရင် သစ်ပင်ကို ခုတ်၊ သစ်စက်မှာခွဲ၊ စိပ်၊ ဖြတ်၊ တောက် အဆင့်ကနေပြီးတော့ နွားလှည်း၊ မော်တော်ဆိုင်ကယ်၊ ကားမျိုးစုံနဲ့ ထုထည်ပမာဏကြီးကြီးမားမားကို တောလမ်းမှတစ်ဆင့်စစ်ဆေးစောင့်ကြပ်မှုအဆင့်ဆင့် ရှိတဲ့ အဝေးပြေးလမ်းမကြီးပေါ်မှ မြို့အသီးသီး၊ ဂိတ်အသီးသီးကိုဖြတ်ပြီးတော့ ပြည်တွင်းမြို့ကြီးများနဲ့ နယ်စပ်ဒေသများမှ နိုင်ငံဖြတ်ကျော်ဥပဒေမဲ့ ကျူးလွန်တာဖြစ်လို့ စောင့်ကြပ်ကြည့်ရှုရန်တာဝန်ရှိသူ များအနေနဲ့ မသိပါ၊ မမြင်ပါ၊ မတွေ့ပါလို့ ငြင်းဆန်လို့မရပါဘူး။ မငြင်းဆန်သင့်ပါဘူး။ မငြင်းဆန်ထိုက် ပါဘူး။ တာဝန်ယူသင့်၊ တာဝန်ခံသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ ဥပဒေအနေနဲ့တင်ပြရမယ်ဆိုရင် လည်း ၁၉၀၂ ခုနှစ်ကတည်းကပြဋ္ဌာန်းခဲ့ပြီး ၁၉၉၂ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပြည့်အစုံလောက်ရှိပါတယ်။ တာဝန်ယူ၊ တာဝန်ခံမယ့်အဖွဲ့အစည်း၊ နိုင်ငံ အဝန်းမှာရှိတဲ့မြို့နယ်တိုင်းမှာ အချို့ဌာနများသာ လုပ်ငန်းလိုအပ်ချက်အရ မြို့နယ်တိုင်းရုံးမဖွင့်နိုင် ပေမဲ့ သစ်တောဌာနနဲ့ သစ်တောဝန်ထမ်းများကတော့ မြို့နယ်တိုင်းမှာရှိပါတယ်။ အဲဒီတော့ ကျွန်တော် တို့ ပြဋ္ဌာန်းထားတဲ့ဥပဒေများမှာလည်းပဲ ဥပဒေအနေနဲ့ သစ်တောခိုးယူမှုများကို ကြိုတင်ကာကွယ် နိုင်ဖို့အချက်များ၊ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ရဲတပ်ဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ရန် အချက်များကို လည်းပဲ ဒီသစ်တောဥပဒေထဲမှာ တိတိကျကျပြဋ္ဌာန်းထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဆိုရင် ဘာလိုနေသလဲ။ နိုင်ငံပိုင်သစ်သယံဇာတ ကြီးမားစွာခိုးယူမှုရှိခဲ့တယ်၊ ရှိနေတယ်။ အရေးယူဖို့ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ရှိတယ်။ တာဝန်ခံ၊ တာဝန်ယူရမယ့်ဝန်ကြီးဌာနများ၊ ဝန်ထမ်းများရှိတယ်။ ဒါပေမဲ့ လုံလောက်စွာ မထိန်းနိုင်ဘူး။ ဘယ်တော့လုံးဝပပျောက်အောင် စီစဉ်ထားတယ်လို့ မသိရဘူး။ ဒါဆိုရင်တော့ သေချာတယ်။ ကျွန်တော်တို့ ကောက်ချက်တစ်ခုကိုချရပါတော့မယ်။ စိတ်ဆန္ဒမပြင်းပြမှုနဲ့ မမှန်ကန်လွဲမှားတဲ့ စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ကျွန်တော်ထပ်ပြီး ရိုသေလေးစားစွာ တင်ပြပါမယ်။ စိတ်ဆန္ဒ မပြင်းပြမှု၊ လွဲမှားတဲ့မမှန်ကန်တဲ့စီမံခန့်ခွဲမှုနဲ့ စီမံခန့်ခွဲမှုအားနည်းချက်ကြောင့်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။ ခိုးယူမှုပပျောက်ရမယ်လို့ ရည်မှန်းရမယ်။ မိမိအင်အားနဲ့မနိုင်ရင် ဥပဒေအရ ပေါင်းစည်း

အင်အားရရှိရေးအတွက် မြို့နယ်အတွင်းပေါင်းစပ်ခြင်း၊ ခရိုင်အဆင့်ပေါင်းစပ်ခြင်း၊ တိုင်းဒေသကြီးအဆင့်ပေါင်းစပ်ခြင်း၊ ဒေသအလိုက်၊ ဌာနအလိုက်ပေါင်းစပ်ခြင်းနည်းမျိုးစုံကို ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဖို့လိုပါမယ်။

နောက်တစ်ခုက သတင်းပေးမှဖမ်းတယ်ဆိုတာထက် ဒီဖြစ်စဉ်ခိုးယူမှုကြီးရှိနေတာကိုသိရင် Investigative(စုံစမ်းထောက်လှမ်းရန်)အတွက် တာဝန်ရှိတဲ့အတွက် စုံစမ်းထောက်လှမ်းရေးနည်းများ ကာလအလိုက်လိုအပ်တဲ့ စီမံချက်များကိုရေးပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လက်ရှိကာလမှာ တာဝန်ယူထားတဲ့အစိုးရအနေနဲ့ ယခင့်ယခင်ကာလများတုန်းကတော့ အခွင့်ထူးခံ၊ ခြွင်းချက်အဖွဲ့အစည်း၊ ခြွင်းချက်ပုဂ္ဂိုလ်၊ ကင်းလွတ်ခွင့်ရအဖွဲ့အစည်း၊ ကင်းလွတ်ခွင့်ရပုဂ္ဂိုလ်များ ရှိကောင်းရှိမယ်လို့ ရှိမှာဖြစ်ပေမဲ့ ကျွန်တော်တို့ဒီကနေ့အစိုးရမှာ ထိုကဲ့သို့သော အခွင့်ထူးခံ၊ ခြွင်းချက် အဖွဲ့အစည်းပုဂ္ဂိုလ်မရှိ၊ ဥပဒေအရ တိတိကျကျအရေးယူနေတဲ့အစိုးရကာလဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း တိုင်းကျိုးပြည်ပြု တာဝန်များကိုထမ်းဆောင်ရာမှာ ပြည်သူနဲ့အတူဆောင်ရွက်ကြဖို့ ဝန်ထမ်းများအနေနဲ့ ဒီမိုကရေစီစနစ် မှာ မလုပ်၊ မရှုပ်၊ မပြုတ်၊ နေရာမရှိဘူးလို့မိန့်ကြားခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူပြည်သား၊ ပြည်သူ့ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများအားလုံး စနစ်တကျလုံးဝပပျောက်ရေး ဝိုင်းဝန်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါ တယ်။ စေတုတ္တရာလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ အဆိုကိုထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ သစ်မှောင်ခိုမှု၊ သစ်ခိုးထုတ်မှုနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ အပိုင်းသုံးပိုင်းမြင်ပါတယ်။ (၁)အချက်ကတော့ အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်တင်ပို့ဖို့အတွက် သစ်ခိုးထုတ်မှု၊ (၂) ပြည်တွင်းသုံးသစ်လောင်စာ၊ ထင်း၊ မီးသွေးအတွက် သစ်ခိုးထုတ်မှုနဲ့ (၃)ကတော့ နိုင်ငံခြားကိုတင်ပို့မယ့် သစ်အချောထည်တွေအတွက် သစ်ခိုးထုတ်နေတာဖြစ်ပါတယ်။ အဲဒီသုံးချက်ထဲ မှာတော့ နံပါတ်(၃)အချက်က အင်မတန် Amount နည်းလို့ (၁)နှင့် (၂)အချက်ကိုပဲ အထူးပြုဆွေးနွေး

တင်ပြသွားမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်တင်ပို့တာနဲ့ ပတ်သက်ပြီးတော့မှ တရုတ်နိုင်ငံကိုပို့တာအများဆုံးဖြစ်ပါလိမ့်မယ်။ ယခုအခါမှာ နိုင်ငံရဲ့အတွင်းပိုင်းဒေသတွေအထိ ရဲတင်းစွာဝင်ရောက်ဆောင်ရွက်နေကြတာတွေကိုလည်း ကြားသိနေရပါတယ်။ လက်နက်ကိုင်တွေရဲ့ ပါဝင်ပတ်သက်မှုကိုလည်းကြားနေရပါတယ်။ ဒီလို Remote Area ဧရိယာတွေမှာ သစ်ခိုးထုတ်တဲ့ နယ်စပ်ဒေသတွေကနေ ခိုးထုတ်တာကိုတော့ သစ်တောရဲ၊ ရဲ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တွေနဲ့တင် ဆောင်ရွက်တာဟာ လုံလောက်မှုမရှိတော့ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်လည်း တပ်မတော် ပါဝင်ပြီးတော့မှ Comprehensive ဖြစ်တဲ့ Plan တစ်ခုချမှတ်၊ ပြီးလို့ရှိရင်တော့ စီမံချက်ကာလ တစ်ခုနှင့် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။ ပြည်တွင်းသုံးအတွက် သစ်၊ လောင်စာ၊ ထင်း၊ မီးသွေးအလို့ငှာ သစ်ခိုးထုတ်မှုဟာလည်း အတိုင်းအတာပမာဏတစ်ခုအထိ ကြီးမားပါတယ်။ ပြည်တွင်းသုံးအတွက် နှစ်စဉ်လိုအပ်ချက်ကိုအမှန်ကန်ဆုံး ကိန်းဂဏန်းရရှိအောင် တွက်ချက်ပြီးတော့မှ ထိုက်သင့်တဲ့ပမာဏကို လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်ပွင့်လင်းမြင်သာစွာ ခွင့်ပြုပေးရန် လည်းလိုအပ်ပါတယ်။ လောင်စာ၊ ထင်း၊ မီးသွေးသုံးစွဲမှုလျှော့ချနိုင်ဖို့အတွက်ကိုလည်း ယခုထက် အရှိန်မြှင့်တင်ဆောင်ရွက်ဖို့သင့်ပါတယ်။ ထင်းတစ်ချောင်းမီးဖိုသုံးစွဲရေး၊ လျှပ်စစ်နှင့် ဂတ်စ်သုံးစွဲရေး တွေကိုလည်း တိုးမြှင့်ဆောင်ရွက်ဖို့လိုသလို ယခင်ကာလတုန်းကလို ထင်းအစားထိုး လောင်စာသုံးစွဲ ရေး၊ လှုံ့ဆော်ဆောင်ရွက်မှုတွေကိုလည်း ပြန်သိမ်းသဖွယ်ဆောင်ရွက်နေတာတွေ ပြန်လည်ပြီးတော့မှ ဖော်ထုတ်သင့်ကြောင်း တင်ပြလိုပါတယ်။ တရားမဝင် Chain Saw ထိန်းချုပ်ရေးအပြင် သစ်တင်တဲ့ ကားတွေ၊ ထွန်စက်တွေ၊ ဆိုင်ကယ်တွေကို သစ်တွေတင်လာမှ ဖမ်းဆီးရတာမျိုးအပြင် မြို့၊ ရွာတွေမှာ ကြိုတင်စစ်ဆေးတားမြစ်ပြီးတော့မှ အရေးယူနိုင်အောင်လည်း ဥပဒေအရဆောင်ရွက်သင့်ပါတယ်။ နောက်တစ်ခုကတော့ Law Inputment ပါ။ သစ်ခိုးထုတ်မှုတွေကို ဖမ်းဆီးစဉ်မှာ ကျဆုံးခဲ့ရတဲ့ သစ်တောဝန်ထမ်းတွေရှိနေတာဟာ သူတို့ကို Discurrent ဖြစ်စေပါတယ်။ တောထဲကနေရာတွေမှာ ဖမ်းမိတဲ့သစ်ကိုပြန်လုတာကိုတော့ ကျွန်တော်တို့ မကြားချင်အဆုံးပါပဲ။ အခုဆိုရင် အမြန်လမ်းမှာ တောင်မှ ပြန်လုခံရတယ်ဆိုတာတွေကို ကြားနေရပါတယ်။ ဒါဟာ တရားဥပဒေမစိုးမိုးခြင်းရဲ့ ပြရုပ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် Rule of Law ကို တိုးမြှင့်ပြီးတော့မှ လုပ်ဆောင်နိုင်ဖို့အတွက် လိုအပ်ပါတယ်။ လတ်တလောဖြစ်နေတာက ထုတ်လုပ်စဉ်၊ သယ်ယူစဉ်မှာမိတဲ့ပမာဏများပါတယ်။ မြို့ကိုရောက်ရင်တော့ မမိတာများပါတယ်။ တရားဝင်လိုဖြစ်သွားတယ်။ ဒါကြောင့် မြို့တွေမှာလည်း ရှောင်တခင်စစ်ဆေးမှုတွေကို ခပ်စိတ်စိတ်လေးလုပ်သင့်ပါတယ်။ ခိုးထုတ်တာ၊ သယ်ယူတာ၊ သိုလှောင်

တာ၊ သုံးစွဲတာကို တရားဝင်မဝင်စစ်ဆေးတာ ပုံမှန်လုပ်ခြင်းအားဖြင့် သစ်မှောင်ခိုများရဲတင်းစွာ မဆောင်ရွက်နိုင်တော့ဘဲနဲ့ သစ်ခိုးထုတ်မှုလျှော့ချသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပြည်တွင်းမှာလည်း သစ်အစားထိုးသုံးစွဲမှုတွေကို အားပေးဆောင်ရွက်ဖို့လိုပါတယ်။ အိမ်ဆောက်လို့ရှိရင် သစ်အစားထိုးဖြစ်တဲ့ Steel Structure တွေ၊ အလူမီနီယမ်သုံးစွဲမှုတွေအပြင် ပရိဘောဂကိုလည်း ကြိတ်သား၊ ပလတ်စတစ်သုံးစွဲမှုတွေ စီမံပေးပြီး အဲဒီပစ္စည်းတွေအတွက်ကိုလည်း Taste တွေ ဆော့ပေးဖို့လိုပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာဖမ်းမိတဲ့ သစ်တွေပမာဏကိုတင်ပြထားတာ ဖြစ်ပါတယ်။ ခန့်မှန်းကြတာကတော့ ဒီလိုဖမ်းမိတဲ့ သစ်တွေအပြင် မဖမ်းမိတဲ့သစ်တွေဟာ ဒါထက် ငါးဆရှိမယ်။ တချို့ကလည်း ၁၀ ဆရှိမယ်။ တချို့လည်းမကဘူးလို့ ခန့်မှန်းကြပါတယ်။ ဒီလိုပမာဏများတဲ့ သစ်တွေကိုထုတ်လုပ်တဲ့နေရာမှာ ဖမ်းမိတဲ့ယာဉ်၊ ယန္တရားတွေရဲ့စာရင်းဖြစ်ပါတယ်။ ဒီလောက်များများ ကြီးတွေ လွတ်ထွက်သွားတာကို ဖမ်းမိနိုင်ဖို့ဆိုရင်တော့ လက်ရှိကျင့်သုံးနေတဲ့စနစ်နဲ့ လက်ရှိဝန်ထမ်း အင်အားတွေနဲ့ မလုံလောက်ဘူးဆိုတာ သိသာထင်ရှားနေပါတယ်။ ဒါကြောင့်မို့လို့ သစ်ကိုစထုတ်တဲ့ နေရာ၊ လက်ဆင့်ကမ်းသယ်တဲ့နေရာ၊ သိုလှောင်တာ၊ ဖြန့်ဖြူးတာ၊ တင်ပို့တာတွေအထိ Supply Chainging တစ်ခုလုံးကို ကျွန်တော်တို့ ကိုင်တွယ်မယ်ဆိုရင် သူ့ရဲ့ပမာဏကအင်မတန်ကြီးမား ပါတယ်။ သစ်ခိုးတာကို စစ်ဆင်ရေးနဲ့လုပ်မယ်၊ အရှိန်အဟုန်မြှင့်လုပ်မယ်၊ ခိုးထုတ်တာတွေကျသွား မယ်။ ဒါဆိုရင်တော့ အဲဒီလူတွေ အလုပ်လက်မဲ့ဖြစ်သွားမယ်ဆိုတာ သေချာပါတယ်။ နိုင်ငံတော်အစိုးရ တစ်ရပ်က အလုပ်လက်မဲ့ဖြစ်သွားတဲ့ ပြည်သူတွေကို ပြစ်ထားလို့မရပါဘူး။ ဒါကြောင့်မို့လို့လည်း သူတို့အတွက် အလုပ်အကိုင်ဖန်တီးပေးရေးအထိစဉ်းစားနိုင်တဲ့ Comprehensive Plan တစ်ခုလို တယ်လို့ တင်ပြလိုပါတယ်။ နောက်ဆုံးတစ်ခုကတော့ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ပါတီတွေ၊ ဌာနဆိုင်ရာတွေက သစ်မှောင်ခိုတွေနဲ့ ခပ်ကင်းကင်းနေကြဖို့လိုပါတယ်။ သစ်မှောင်ခိုဆိုတဲ့လူတွေဟာ မိုးပေါ်ကကျတာမဟုတ်ပါဘူး။ ပြည်သူထဲကပြည်သူပါ။ ဘယ်သူတွေ သစ်မှောင်ခိုလုပ်တယ်ဆိုတာကို ပြည်သူကသိပါတယ်။ ဒါပေမဲ့ အာဏာပိုင်နဲ့ သစ်မှောင်ခိုနဲ့၊ အာဏာရပါတီနဲ့ သစ်မှောင်ခိုနဲ့ပတ်သက် ဆက်စပ်နေရင်တော့ ဘယ်ပြည်သူကမှ သတင်းပေးမှာမဟုတ်ပါဘူး။ အဲဒီသတင်းပေးတဲ့ပြည်သူတွေ ကိုလည်း ဆုပေးတဲ့စနစ်ကိုကျင့်သုံးဖို့လိုတယ်ဆိုတာကိုလည်း ထောက်ခံတင်ပြလိုပါတယ်။ နိဂုံးချုပ် အားဖြင့်ကတော့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံပါကြောင်းနှင့် နိုင်ငံတော်အစိုးရအနေနဲ့ ကောက်ရိုးမီး စီမံကိန်းမဟုတ်ဘဲ ထိရောက်တဲ့စဉ်ဆက်မပြတ်စီမံကိန်းတစ်ခုအဖြစ်နဲ့ ဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုက တကယ့်ပကတိမြေပြင်အခြေ အနေကို ထင်ဟပ်ဖော်ပြပြီး နိုင်ငံတော်အစိုးရအနေဖြင့် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အရာမို့ အဆိုရှင်ကိုအထူးပင် လေးစားကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဘုတလင်မြို့နယ်ဟာ သစ်ထုတ်လုပ်နိုင်တဲ့ သစ်တောဧရိယာလုံးဝမရှိပါဘူး။ ဒါပေမဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တရားမဝင်သစ်ခိုးသယ်ဆောင်မှုပေါင်း ၉၀ ရှိပါတယ်။ သစ်မျိုးစုံ ၃၆၁.၉၄၄ တန်ကို ဖမ်းဆီးရမိထားပါတယ်။ ဖမ်းဆီးရမိတဲ့သစ်တွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ တကယ်တမ်းနေ့အချိန်မှာပဲ ဖမ်းမိထားခြင်းပါ။ ညအချိန်မှာတော့ သစ်ကားတွေဟာ အိန္ဒြေမပျက်ဖြတ်သန်းသွားလာလျက်ပဲ ရှိပါတယ်။ ဖမ်းမိရတဲ့အဓိကအကြောင်းအရင်းကလည်း ဒေသခံပြည်သူများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဖမ်းဆီးလို့သာ ဖမ်းမိခြင်းဖြစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖမ်းဆီးရမိတဲ့သစ်တွေက ကျွန်း၊ ပိတောက်နဲ့ တမလန်းသစ်တွေဖြစ်ပါတယ်။ ဒီသစ်အမျိုးအစားတွေဟာ စစ်ကိုင်းတိုင်းအထက်ပိုင်းမှာသာ အဓိကပေါက်ရောက်ထွက်ရှိတဲ့သစ်အမျိုးအစားတွေဖြစ်ပါတယ်။ မြို့နယ်အသီးသီး၊ ဂိတ်အဆင့်ဆင့်ကို ဘယ်လို ဘယ်ပုံဖြတ်ကျော်လာမယ်ဆိုတာကတော့ စိတ်ဝင်စားစရာပါ။ ဒီနေရာမှာအကြံပြုလိုတာက ဝန်ကြီးဌာနအနေဖြင့် ဖမ်းဆီးနေတဲ့မိမိရဲ့ဝန်ထမ်းတွေကို ဆုကြေးငွေချီးမြှင့်ပြီး မဖမ်းမဆီးပေါင်းစားနေတဲ့ တာဝန်မဲ့ဝန်ထမ်းတွေကိုလည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ထိထိရောက်ရောက် အပြစ်ပေးအရေးယူဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်သစ်များ များပြားလာတဲ့အကြောင်းအရင်း ထဲမှာ တရားဝင်သစ်ကိုအလွယ်တကူဝယ်ယူလို့ မရခြင်းလည်းပါပါတယ်။ သာမန်အဆင့် အိမ်တစ်ဆောင်ဆောက်ဖို့ရန်အတွက် သစ်ငါးတန်လောက်လိုပါတယ်။ သစ်ဝယ်ယူမယ်ဆိုပါက မြို့နယ် တိုင်းမှာ တရားဝင်သစ်စက်တွေမရှိကြသေးပါဘူး။ တရားဝင်သစ်စက်ရှိရင်လည်း သစ်ရဖို့အတွက် ပုံစံ(၈)သစ်လေလံအောင်မှသစ်ရရှိမှာဖြစ်ပါတယ်။ ပုံစံ(၈)သစ်ကို လေလံပစ်ဖို့ဆိုတာလည်း မှောင်ခို သစ်ကိုဖမ်းမိမှာသာဖြစ်တာပါ။ လေလံများများပစ်နေခြင်းဟာ မှောင်ခိုသစ်များများဖမ်းမိခြင်း၊ ဒါမှ မဟုတ် တရားမဝင်သစ်ထုတ်လုပ်နေခြင်းကိုဖော်ညွှန်းနေခြင်းဖြစ်ပါတယ်။ အမှန်တကယ်တော့ ပုံစံ(၈) သစ်ဆိုတာကလည်း မြို့နယ်တစ်ခုမှာပြည်သူတွေရဲ့ သစ်လိုအပ်ချက်ကိုလုံလောက်အောင် အမြဲတမ်း ဖြည့်ဆည်းပေးနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ အဲဒီရဲ့အကျိုးဆက်က သစ်မှောင်ခိုလုပ်ငန်းတွေကို ပိုမိုကြီးထွား စေတဲ့အကြောင်းအရင်းတစ်ခုလည်း ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်မှောင်ခိုလုပ်ကိုင်နေသူတွေကို အမျိုးအစား ခွဲကြည့်ရင်တော့ နှစ်မျိုးနှစ်စားတွေ့နိုင်ပါတယ်။ ပထမတစ်မျိုးကတော့ မိမိအဆောက်အဦ ဆောက်လုပ်ဖို့ရန်အတွက် သစ်ထွက်ရှိရာဒေသအထိ သွားရောက်ပြီးဝယ်ယူနေရသူတွေဖြစ်ပါတယ်။ ဒါတွေမဖြစ်ဖို့ဆိုရင်တော့ အမှန်တကယ်အဆောက်အဦဆောက်လုပ်သူတွေအတွက် မြန်မာ့ သစ်လုပ်ငန်းက တရားဝင်သစ်ကိုရောင်းချပေးမှသာအဆင်ပြေမှာဖြစ်ပါတယ်။ ဒုတိယတစ်မျိုးကတော့ ဝိသမလောဘသား၊ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေဖြစ်ပါတယ်။ သူတို့တွေကတော့ အဖိုးတန် သစ်တွေဖြစ်တဲ့ ပိတောက်တို့၊ တမလန်းတို့ စတာတွေကို တစ်ဘက်နိုင်ငံအထိ ခိုးထုတ်ဖို့ရာအတွက် လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဒါတွေကိုတော့ ဥပဒေအရ ထိထိရောက်ရောက်အရေးယူမှသာ တားမြစ်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်တင်သွင်းသော နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများကို ဥပဒေနှင့်အညီထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ကနေ့ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝသယံဇာတဆုံးရှုံးမှုတွေထဲမှာ သစ်တော သယံဇာတဆုံးရှုံးမှုဟာ ထင်သာမြင်သာအရှိဆုံးဖြစ်ပါတယ်။ အစိုးရသစ်တက်လာပြီး ရက်တစ်ရာ စီမံချက်အတွင်းလေးမှာပဲ သစ်ခိုးထုတ်မှုတွေရပ်တန့်သလိုဖြစ်ခဲ့ပေမဲ့ အဲဒီနောက်ပိုင်းမှာ တစ်စတစ်စနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများရဲ့ အုပ်ချုပ်မှုယန္တရားလက်တံကို သွေးတိုးစမ်းပြီး တဖြည်းဖြည်း အတင့်ရဲလာတာဟာ အခုမျက်မှောက် နေ့စဉ်သတင်းစာများရဲ့ စာမျက်နှာတော်တော်များများမှာ သစ်မှောင်ခိုကားဖမ်းဆီးနေတာတွေ တွေ့လာရပါတယ်။ ဒါကလည်း အချင်းချင်းမသင့်မှုလို့ သတင်း ပေးတိုင်ကြားရာက ဖမ်းမိတာများပါတယ်။ ဖမ်းမမိတဲ့ အပေးအယူနဲ့လွတ်သွားတာတွေ ဘယ်လောက် များမယ်ဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။ ဖမ်းမိတဲ့ပစ္စည်း မူလထုတ်လုပ်ရာကို ကွင်းဆက်ဖော်ထုတ်ပြီး ဆင့်ကဲဆင့်ကဲ အရေးယူဖမ်းဆီးရင် တဖြည်းဖြည်းလျော့ပါးမယ်လို့ မျှော်လင့်မိပါတယ်။ အဲဒီလို မဟုတ်ဘဲ ဖမ်းမိတဲ့အတိုင်း အရေးယူရုံတင်ဆိုရင်တော့ ပြဿနာရဲ့ဇစ်မြစ်ကို မဖြေရှင်းနိုင်တဲ့အတွက် လုပ်မြဲတိုင်းလုပ်နေကြတာပါ။ ဒီကနေ့အခြေအနေက ပိုင်ရှင်မဲ့ဖမ်းဆီးမှုတွေဟာ သက်ဆိုင်ရာတာဝန်ရှိ ဌာနတွေအနေနဲ့ အဆိုရှင်တင်ပြခဲ့သလို တော်တော်ကိုတာဝန်မဲ့လွန်းနေတာ ထင်ရှားလှပါတယ်။ အဆိုးဆုံးကတော့ ဖမ်းဆီးမိပြီးသားသက်သေခံပစ္စည်းတွေကို ပညာမျိုးစုံနဲ့ ဥပဒေဘောင်အတွင်းကနေ လုပ်စားနေကြတာ ဒုနဲ့ဒေးဖြစ်နေတာပါပဲ။ ဥပမာ- ဖမ်းဆီးပြီးပစ္စည်းကို အရေအတွက်စာရင်းမပျောက် ရုံ အစားထိုးလဲလှယ်ကြတာဖြစ်ပါတယ်။ မရှောင်သာလို့ဖမ်းရရင် ပိုင်ရှင်မဲ့လုပ်ပေးပြီး ပိုင်ရှင်မဲ့လုပ်ဖို့ အခွင့်မသာလျှင် မူလပိုင်ရှင်တရားခံကို အဖမ်းဆီးမခံဘဲ ကားအငှားမောင်းသူ ဒါမှမဟုတ် အခြားတစ် ယောက်ကိုအမည်ခံခိုင်းပြီး နောက်ကွယ်ကနေလှုပ်ရှားနိုင်အောင် တာဝန်ရှိသူတွေကပါ ပေါင်းစားနေ ကြတာပါပဲ။ ဒါကြောင့်မို့လို့လည်း ထင်ထင်ပေါ်ပေါ် လုပ်ရဲကိုင်ရဲဖြစ်လာကြတာပါ။ အထင်ကရလမ်းမ ကြီးတွေ၊ မြို့ကြီးပြကြီးတွေမှာ ဖမ်းမိနေတယ်ဆိုတာဟာ ဖြတ်သန်းခဲ့တဲ့ဒေသအလိုက် ဆက်စပ်တာဝန်ရှိ တဲ့အဖွဲ့အစည်းတွေ တာဝန်ယူမှုကင်းမဲ့နေတာကို ဖော်ပြတဲ့ပြယုဒ်တစ်ခုဖြစ်ပါတယ်။ တရားမဝင်သစ်ခိုး ထုတ်မှုတွေအတွက် သစ်တောဦးစီးဌာနမှ တာဝန်ရှိတာမှန်ပေမဲ့ ကျန်တဲ့ဆက်စပ်ဌာနတွေဖြစ်တဲ့ နယ်မြေလုံခြုံရေးတာဝန်ရှိတဲ့အဖွဲ့အစည်းတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပြင် သဘာဝသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တွေပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများရဲ့ အုပ်ချုပ်မှုအာဏာဆက် အလှမ်းဝေးတဲ့

နေရာတွေမှာ တရားမဝင်သစ်ထုတ်လုပ်မှုဟာ ခြေလှမ်းကျဲကျဲနဲ့လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် တိုင်းနဲ့ပြည်နယ်နယ်စပ်တွေမှာ ဆက်စပ်လှုပ်ရှားကြတာများပါတယ်။ လက်ရှိအခြေအနေဟာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြစ်ပေါ်လာတဲ့ပြဿနာတွေကို ပြတ်ပြတ်သားသားအရေးယူမှု လိုအပ်နေပါပြီ။ အထက်ကတင်ပြခဲ့သလို ရက်တစ်ရာစီမံချက်လုပ်တုန်းက တပ်လှန့်လိုက်တာကို အရှိန်အဟုတ်နဲ့အရေးယူမှု ပြင်းပြင်းထန်ထန်မပြတ်လုပ်ခဲ့မယ်ဆိုရင် အခုလိုလွှတ်တော်မှာဆွေးနွေးရတဲ့အထိ သစ်ခိုးထုတ်မှုတွေလုပ်ရဲကြမှာမဟုတ်ပါဘူး။ အဓိကအရေးပါသူများကတော့ သစ်ခိုးထုတ်မှုဖြစ်စဉ်မှာသွယ်ဝိုက်ပါဝင်နေတဲ့ တာဝန်ရှိသူများအားလုံးဖြစ်ကြပါတယ်။ ဥပမာ- ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာဖမ်းမိတယ်ဆိုရင် ဆက်စပ်ဂိတ်တွေကို ဘယ်လိုဖြတ်ကျော်ခဲ့တာလဲ။ ဘယ်နှစ်ဆင့်ဖြတ်ကျော်ခဲ့တာလဲ။ အဲဒီဂိတ်က ရာထူးအမြင့်ဆုံးတာဝန်ရှိသူကို တာဝန်ပေါ့လျော့မှုအရ အရေးယူအပြစ်ပေးတာမျိုး၊ တစ်ဆင့်နိမ့်ရာထူးချတာမျိုး ရဲရဲတင်းတင်း ပြတ်ပြတ်သားသားလုပ်မယ်ဆိုရင် သစ်တောသဘာဝသယံဇာတဆုံးရှုံးမှုကနေ တဖြည်းဖြည်းလွတ်ကင်းမယ်လို့ ယုံကြည်မိပါတယ်။ တာဝန်ရှိသူတော်တော်များများဟာ အစိုးရရဲ့အကဲကိုကြည့်ပြီး မလုပ်၊ မရှုပ်၊ မပြုတ်မူဝါဒကို ကျင့်သုံးနေကြလို့ ဒီလိုအဖြစ်မျိုး ကြုံကြရတာပါ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာတစ်ဆက်တည်းအကြံပြုချင်တာက ကျေးလက်ဒေသနေပြည်သူတွေရဲ့အခြေခံလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဘယ်လိုနည်းနဲ့ဖြည့်ဆည်းပေးမလဲဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။ သစ်ခုတ်၊ ဝါးခုတ်တာကို ပိတ်ပင်လိုက်တဲ့အခါ ကျေးလက်နေပြည်သူတွေမှာ တောင်သူသုံးပစ္စည်းတွေတောင်သုံးစွဲလို့မရတဲ့အထိ အခက်အခဲကြုံကြရပါတယ်။ နောက်အခက်အခဲကတော့ ရက်တစ်ရာစီမံချက်ကာလကစပြီး နယ်တွေမှာ တရားဝင်သစ်ခွဲသားအရောင်းဆိုင်မရှိတဲ့အတွက် အမှန်တကယ် မိမိသုံးအတွက် လိုအပ်တဲ့အသားကို ဝယ်မရတဲ့ဒုက္ခကိုခံစားကြရပါတယ်။ အကျိုးဆက်ကတော့ အစိုးရသစ်တက်လာမှဒီလိုဖြစ်ရတယ်လို့ အပေါ်ယံထင်မြင်ခံရတာပါပဲ။ ဒါကြောင့်မို့လို့ မြို့နယ်အလိုက် တရားဝင်သစ်ခွဲသားအရောင်းဆိုင်ဖွင့်လှစ်ပေးဖို့ အကြံပြုလိုပါတယ်။ လက်ရှိအခြေအနေမှာ အရေးပေါင်းမြောက်မြားစွာဟာ အစိုးရအတွက် ဘက်ပေါင်းစုံကနေ စိန်ခေါ်နေတဲ့ကာလဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရကိုတာဝန်ခံကြရတဲ့ သက်ဆိုင်ရာဝန်ထမ်း ဌာနအသီးသီးက မိမိရဲ့ကျရာတာဝန်ကို ကျေပွန်ကြဖို့ အထူးလိုအပ်လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသစ်တောပြုန်းတီးမှုကိုကာကွယ်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနက အမျိုးသားသစ်တောထိန်းသိမ်းရေးစီမံကိန်း(National Forestry Master Plan)ကို အကောင်

အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ (၁) ဒေသခံအစုအဖွဲ့ပိုင်သစ်တောများထူထောင်ခြင်း၊ (၂) သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းနဲ့ (၃) စိုက်ခင်းတည်ထောင်ခြင်းများဆိုပြီး နည်း(၃) နည်းနဲ့ဆောင်ရွက်နေတာကို သိရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ထီးချိုင့်မြို့နယ်မှာ ပြီးခဲ့တဲ့စတုတ္ထပုံမှန်အစည်းအဝေးနားချိန် ကွန်းမော်အုပ်စုအတွင်း လီဆူတိုင်းရင်းသားကျေးရွာလေးကို လူထုတွေ့ဆုံပွဲသွားတဲ့အခါ ဒေသခံတွေက တောင်ခြေတန်းက သဘာဝအင်တိုင်းတောတွေကို သစ်တောဦးစီးဌာနက ခုတ်ထွင်ပြီး သစ်တောစိုက်ခင်းစိုက်ပျိုးနေကြောင်းနဲ့ ယခင်ကလည်း ဒီလို စိုက်ပျိုးခဲ့ပြီး မအောင်မြင်ကြောင်းပြောပြကြပါတယ်။ ဒါနဲ့ သစ်တောဦးစီးမှူးကိုမေးတဲ့အခါ စိုက်ခင်း ဧက ၂၀၀ စိုက်မှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဝန်ကြီးဌာနရဲ့လုပ်ငန်းအကောင်အထည် ဖော်တဲ့အခါ အောက်ခြေအဆင့်ဆင့်ရဲ့ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုတွေမှာ နယ်မြေခံကိုယ်စားလှယ် တွေနဲ့ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဥတုရာသီတောကိုမှီဆိုတဲ့စကားအတိုင်း သစ်တော များ ထိန်းသိမ်းခြင်းဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြန်မာ နိုင်ငံရဲ့အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် တမလန်းသစ်များ တရားမဝင်ခိုးထုတ်ခြင်းများကို ဥပဒေနဲ့အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းတဲ့ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရ ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)ဦးမောင်တင်သစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)ဦးမောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဗ္ဗသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်(ခ)ဦးမောင်တင်သစ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသစ်မှောင်ခိုမှု၊ သစ်ခိုး ထုတ်မှုတွေကို ထိထိရောက်ရောက် အရေးယူဟန့်တားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ချမှတ် ကျင့်သုံးသင့်တဲ့မူဝါဒဆိုင်ရာအကြံပြုချက်တွေကို ဆွေးနွေးရင်းနဲ့ ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ရှေ့မှာလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တော်တော် ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားခဲ့ကြပါပြီ။ ဒီဆွေးနွေးချက်တွေအပေါ်မှာ ကျွန်တော့်အနေနဲ့ ရှုထောင့်သုံးခု ကနေပြီးတော့ ပြန်ချုပ်ပြီးတော့မှ ဆွေးနွေးချင်ပါတယ်။ ပထမဦးဆုံး ဈေးကွက်လိုအပ်ချက်ရှုထောင့်က

နေပြီးတော့ ကြည့်ချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်လိုအပ်ချက်နဲ့ ပတ်သက်လို့ ရှိရင် အခု သစ်မှောင်ခိုမှု သစ်ခိုးထုတ်မှုတွေ ဘာကြောင့်ဖြစ်နေသလဲ။ ဈေးကွက်မှာ ဝယ်သူရှိနေလို့ ဝယ်လိုအားရှိနေလို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ သစ်လိုအပ်ချက်၊ ပြည်တွင်းလို အပ်ချက်ကို ဘယ်လိုဖြည့်ဆည်းပေးနေသလဲကြည့်တဲ့အခါမှာ အဓိကအားဖြင့်တော့ ဖမ်းဆီးရမိတဲ့သစ် ကို ပုံစံ(၈)ဖြင့် လေလံတင်ရောင်းချပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးနေတယ်ဆိုတာ တွေ့ရပါတယ်။ တကယ်တော့ ဖမ်းဆီးရမိတဲ့သစ်ကို လေလံပစ်ရောင်းချပေးရုံနဲ့ ဈေးကွက်ရဲ့လိုအပ်ချက်ကို ပြည့်ပြည့် စုံစုံ ဖြည့်ဆည်းပေးနိုင်ရဲ့လားဆိုတာ ပြန်ပြီးတော့ဆန်းစစ်ဖို့ လိုအပ်နေပါတယ်။ ဈေးကွက်လိုအပ်ချက် ကို နည်းမှန်လမ်းမှန်နဲ့ လုံလုံလောက်လောက်ဖြည့်ဆည်းမပေးနိုင်ဘူးဆိုရင် တစ်ချိန်တည်းမှာ ကျွန်တော်တို့က မှောင်ခိုထုတ်လုပ်ဖို့၊ မှောင်ခိုရောင်းတယ်ဖို့ အားပေးရာရောက်ပါလိမ့်မယ်။ ဒါကြောင့် မို့လို့ ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းသုံး၊ ဒေသသုံးအတွက် သစ်လိုအပ်ချက်ကို ဘယ်လိုပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးမလဲဆိုတာ အကောင်းဆုံးနည်းလမ်းရှာဖွေသင့်ပါပြီလို့ ကျွန်တော့်အနေနဲ့ အကြံပြုချင် ပါတယ်။ နောက် ပြည်ပဈေးကွက်ပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံကထွက်တဲ့ တရားမဝင်သစ်၊ မှောင် ခိုသစ်တွေကို အများဆုံးလက်ခံဝယ်ယူနေတဲ့ အိမ်နီးချင်းနိုင်ငံနှစ်ခုရှိတယ်ဆိုတာ ကျွန်တော်တို့အားလုံး အသိပါပဲ။ အဲဒီတော့ ဒီဘက်အိမ်က ခိုးထုတ်လာတဲ့ တရားမဝင်ပစ္စည်း၊ ခိုးရာပါပစ္စည်းကို လက်ခံတယ်၊ ဝယ်ယူတယ်ဆိုတာက အိမ်နီးချင်းကောင်းမပီသရာကျပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေကိုလည်း ပြောရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံကသစ်ကို ဝယ်ယူချင်တယ်ဆိုရင် တရားဝင်သစ်ကို တရားဝင်နည်းလမ်းနဲ့သာ ဝယ်ယူဖို့ ကျွန်တော်တို့အနေနဲ့ လူသိရှင်ကြား တိုက်တွန်း ပြောဆိုဖို့ လိုအပ်ပါလိမ့်မယ်။ နောက် ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးရှုထောင့်က ဆက်ပြီးကြည့် မယ်ဆိုရင် တစ်နှစ်တစ်နှစ် သစ်တန် လေးသောင်းကျော်၊ ငါးသောင်းကျော် နှစ်စဉ်ဖမ်းမိနေတယ်ဆိုတဲ့ အချက်က ဘာကိုဖော်ပြနေသလဲဆိုတော့ သစ်တောကဏ္ဍမှာ တရားဥပဒေစိုးမိုးမှု ယိုယွင်းနေတယ်ဆို တာကို ဖော်ပြနေပါတယ်။ ဒီလို သစ်တောကဏ္ဍတရားဥပဒေစိုးမိုးမှုယိုယွင်းနေတဲ့အခြေအနေအတွက် ဘယ်သူ့မှာတာဝန်ရှိသလဲ။ ကျွန်တော်တို့ မျောက်ကိုငှက်ပျောခြံစောင့်ခိုင်းသလိုမဖြစ်ဖို့တော့ အရေးကြီးပါတယ်။ ဒီကနေ့ သစ်တောဌာနတွေအနေနဲ့ တရားမဝင်သစ်ဖမ်းဆီးမှုတွေကို အားပေးလိုတဲ့ အတွက် ဆုပေးတဲ့စနစ်ကို အစီအစဉ်တစ်ခုကျင့်သုံးနေတယ်လို့လည်း ကျွန်တော်တို့သိရပါတယ်။ ဖမ်းဆီးရမိတဲ့သစ်ရဲ့ ကြမ်းခင်းဈေးပေါ်ကနေပြီးတော့ သတင်းပေးတဲ့ပြည်သူကို ၂၀ ရာခိုင်နှုန်း၊ ဖမ်းဆီးတဲ့ဝန်ထမ်းအဖွဲ့အစည်းပုဂ္ဂိုလ်ကို ၃၀ ရာခိုင်နှုန်း ခွဲဝေဆုချီးမြှင့်တယ်လို့ ဆိုပါတယ်။ အဲဒီတော့

ဆုပေးတာ အင်မတန်ကောင်းပါတယ်။ တစ်ချိန်တည်းမှာ ဆုပေးသလို ဒဏ်ပေးဖို့ရော မလိုဘူးလား ကျွန်တော်တို့စဉ်းစားသင့်ပါတယ်။ အဲဒီတော့ ကိုယ်တာဝန်ကျနေတဲ့ သစ်တောသစ်ကွက်ထဲမှာ သစ်ခိုး ထုတ်တာကိုမသိလိုက်ဘူးဆိုရင် အဲဒီမှာတာဝန်ကျတဲ့ တောအုပ်၊ တောခေါင်းကစလို့ သစ်တောဝန်ထမ်း အဆင့်ဆင့်မှာ တာဝန်မရှိဘူးလား။ နောက် ကိုယ်တာဝန်ယူထားတဲ့နယ်မြေထဲကနေပြီး ဖြတ်သန်းပြီး တော့မှ တရားမဝင်သစ်တွေသယ်ယူသွားတယ်။ ဒီနယ်မြေထဲမှာ သိုလှောင်တယ်။ ရောင်းချတယ်ဆိုတာ မသိလိုက်ဘူးဆိုရင်ကော လုံခြုံရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်တွေမှာ တာဝန်မရှိဘူးလား ကျွန်တော်တို့မေးရပါလိမ့်မယ်။ အဲဒီတော့ တာဝန်ရှိတယ်ဆိုရင်တော့ တာဝန်ရှိတဲ့အတိုင်း ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်ဖို့ လိုအပ်မှာပါ။ ဆိုလိုချင်တာကတော့ ဆုပေးသလို ဒဏ်ပေးတဲ့ စနစ်ကိုလည်း ကျင့်သုံးဖို့ လိုအပ်နေပြီလို့ ကျွန်တော်တို့အနေနဲ့ အကြံပြုချင်တာပါ။ နောက်တစ်ချက်က ဒီသစ်တောသစ်ပင်တွေကို တရားမဝင်ခုတ်လှဲမှုကနေပြီးတော့ တားဆီးနိုင်ဖို့ ဒီအစီအစဉ်မှာ ပြည်သူ ပါဝင်နိုင်ရေးအတွက် Community Body Turing and Reporting System ဆိုတာကိုလည်း ကျင့်သုံးနေတယ်လို့သိရပါတယ်။ အဲဒီတော့ ပြည်သူကလည်းပါဝင်ပြီးတော့ စောင့်ကြည့်ပေးပါ။ သစ်မှောင်ခိုမှုတွေ့ရင် သတင်းပို့ပေးပါ။ ပြီးရင် အဲဒီသတင်းပို့ပေးတဲ့ပြည်သူကိုလည်း ဆုချီးမြှင့်ပါမယ် ဆိုတဲ့အစီအစဉ်ပါ။ အဲဒီတော့ ဒီအစီအစဉ်ကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိဖို့၊ သိအောင်လုပ် ပေးဖို့လည်း လိုအပ်ပါလိမ့်မယ်။ အထူးသဖြင့် သစ်ခိုးထုတ်မှုများတဲ့ဒေသတွေက ဒေသခံပြည်သူတွေ သိအောင် ကျွန်တော်တို့ ကြော်ငြာဆိုင်းဘုတ်များစိုက်ထူပေးခြင်း၊ နောက် သတင်းမီဒီယာများကနေ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ဖို့လိုမှာပါ။ နောက်ဆုံးအနေနဲ့ကတော့ ဒီ ကျွန်တော်တို့သစ်တောလုံခြုံရေးမှာ အဓိကတာဝန်ရှိတဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ နောက် ကာကွယ်ရေးဝန်ကြီးဌာနတွေ ညှိနှိုင်းပြီး တော့မှ တကယ်လုပ်ဖြစ်နိုင်တဲ့ Mechanism တစ်ခုကိုလည်း အမြန်ဆုံးချမှတ်ကျင့်သုံးဖို့ လိုအပ်ပြီလို့ အကြံပြုချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ သစ်တောဝန်ထမ်းများရဲ့ လုံခြုံရေးအတွက်လည်း ဘယ်လိုဆောင်ရွက်မလဲ။ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ သစ်တောဝန်ထမ်း လက်ထောက်ညွှန်ကြား ရေးမှူးအဆင့်အပါအဝင် ရှစ်ဦး ဒဏ်ရာရသူ ၄၂ ဦးဆိုတာမျိုးတွေလည်း ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ သစ်တောဝန်ထမ်းတွေရဲ့လုံးခြုံရေးအတွက်လည်း လက်နက်ပြန်လည်ကိုင်ဆိုင်ခွင့်ပြုတာက စပြီးတော့ ဆောင်ရွက်နိုင်ဖို့ အကြံပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**မူကြမ်း**

## ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်မှ တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီး ကျွန်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းကနေပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ကနဦးအနေနဲ့ သစ်တောသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကနေပြီးတော့ အချက်အလက်ပြည့်စုံစွာနဲ့ အကြံပြုထောက်ပြဆွေးနွေးသွားတာ အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ Power Point မှာလည်း မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ သစ်တောများပျက်စီးဆုံးရှုံးခြင်းအပေါ်ကို သုံးသပ်တဲ့အခါမှာ တိုက်ရိုက်အကြောင်းတရားနဲ့ပတ်သက်ပြီးတော့ နှစ်ခုရှိပါတယ်။ သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ အုတ်ဖုတ်ရန်နဲ့ မီးဖိုချောင်သုံးစွဲရန် ထင်း၊ လောင်စာ၊ မီးသွေး အလွန်အကျွံထုတ်ယူခြင်း၊ တောမီးလောင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကတော့ သစ်တောများကို ပြန်လည်စိုက်ပျိုးနိုင်တဲ့ ပြုန်းတီးမှုဖြစ်ပေမယ့်လည်း ဒီရေတောများမှာ ငါး၊ ပုဇွန်မွေးတယ်။ ကန်တွေတိုးချဲ့တယ်။ စိုက်ပျိုးမြေတွေချဲ့တယ်။ ရွှေ့ပြောင်းတောင်ယာလုပ်တယ်။ သတ္တုတူးတယ်။ ဆည်မြောင်းတာတမံတည်ဆောက်တယ်။ မြို့ပြနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ခြင်းကတော့ သစ်တောမြေအဖြစ်ကနေပြီး လုံးဝအခြားမြေအဖြစ် အသုံးချမှုကိုပြောင်းလဲသွားပြီးတော့ သစ်တောမြေပြန်လည် မဖြစ်ထွန်း

နိုင်တဲ့ပြုန်းတီးမှုဖြစ်တာ တွေ့ရှိရပါတယ်။ တဖန် သစ်တောများပြုန်းတီးမှုကို သွယ်ဝိုက်တဲ့နည်းနဲ့ ကြည့်မယ်ဆိုလို့ရှိရင် (၁) ဆင်းရဲနွမ်းပါးခြင်း၊ (၂) အရင်းအနှီးနည်းပါးစွာနဲ့ အမြတ်များရနိုင်ခြင်း၊ (၃)အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ (၄) သစ်တောထွက်ပစ္စည်းများ ဈေးကွက်လိုအပ်ချက် မြင့်မားခြင်း၊ (၅) တိကျတဲ့မြေအသုံးချမှုမူဝါဒမရှိခြင်း၊ (၆) သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု အကဲဖြတ် ဆန်းစစ်မှုအားနည်းခြင်း၊ (၇) ဌာနဆိုင်ရာရန်ပုံငွေမလုံလောက်ခြင်း၊ (၈) ဝန်ထမ်းအိမ်ရာမလုံလောက် ခြင်း၊ (၉) ဥပဒေရဲ့အကျိုးသက်ရောက်မှုများ အားနည်းခြင်း၊ (၁၀) လူဦးရေတိုးပွားလာခြင်း၊ (၁၁) အကျိုးဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ (၁၂) အကျင့် ပျက်ခြစားခြင်း၊ (၁၃) နိုင်ငံရေးဆိုင်ရာကူညီထောက်ပံ့မှုများ အားနည်းခြင်းများဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ အထက်ကဖော်ပြသလိုပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ များကြောင့် ၁၉၇၅ ခုနှစ်မှာ သစ်တောဧရိယာဟာ ၆၀.၈၉ ရှိရာကနေပြီးတော့ ယခု ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ Forest Resource Assessment ပါအရဆိုလို့ရှိရင် FAO ကတိုင်းတာမှုအရ ၄၂.၉၂ ရာခိုင်နှုန်းပဲကျန်ပါ တော့တယ်။ Power Point များမှာ တင်ပြထားတာကိုကြည့်မယ်ဆိုလို့ရှိရင် လက်အုပ်ပွင့်တဲ့ ပိတ်တဲ့တော Close Forest ကနေပြီးတော့ လက်အုပ်ပွင့်တဲ့တောအဖြစ် ပြောင်းလဲ လာခြင်း၊ တောနက်ကနေပြီးတော့ ပြောင်းလဲလာခြင်းတို့ဟာ တောအတန်းစားများ ကျဆင်းလာခြင်းကို ပြသနေပြီးတော့ အခြားမြေအသုံးချမှုဧရိယာများ တိုးတက်လာခြင်းဟာလည်း မြေအသုံးချမှုပြောင်းလဲ ခြင်းကို ပြသနေပါတယ်။ Power Point မှာတင်ပြထားပါတယ်။ နှစ်စဉ်ပျမ်းမျှသစ်တောပြုန်းတီးမှု အနေနဲ့ နိုင်ငံဧရိယာရဲ့ ၁.၇ ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် ၁၃ သိန်းကျော်၊ တစ်နည်းအားဖြင့် ရန်ကုန် တိုင်းဒေသကြီးရဲ့ ဧရိယာရဲ့တစ်ဝက်လောက်နီးပါးဟာ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အတွင်း၊ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း မြေအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုပြောင်းလဲမှုတို့ကို မြေပုံများမှာ တင်ပြအပ်ပါတယ်။ အဲဒီလိုသစ်တောဖုံးလွှမ်းမှုကျဆင်းခြင်း၊ သစ်တောများပြုန်းတီးခြင်းတို့ဟာ သစ်တောသယံဇာတများကို ဆုံးရှုံးရုံသာမကဘဲနဲ့အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ ရာသီဥတု ဖောက်ပြန်ခြင်းကိုလည်းပဲ ဖြစ်ပေါ်စေတာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောများပြုန်းတီးမှု အပေါ်မှာ တိုက်ရိုက်နဲ့သွယ်ဝိုက်အကြောင်းတရားများကို ကျွန်တော်အထက်ကတင်ပြပြီးတဲ့အပြင် အဲဒီ အကြောင်းတရားများမှာ တရားမဝင်သစ်ခိုးထုတ်လုပ်မှုဟာလည်း အလွန်အရေးကြီးတဲ့အကြောင်း တရားတစ်ရပ်အနေနဲ့ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ တရားမဝင်သစ်ခိုးထုတ်မှုကို ဖြစ်ပေါ်စေတဲ့အကြောင်းတရားကို ကျွန်တော်ဆန်းစစ်တင်ပြပါမယ်။ ခြောက်ချက်ရှိပါမယ်။

**မူကြမ်း**

(၁) ကျေးလက်နေဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနိမ့်ကျပြီးတော့ ဆင်းရဲမှု၊ နွမ်းပါးမှု ဖြစ်စေကာ အရင်းအနှီးနည်းပါးစွာနဲ့အကျိုးအမြတ်များများရရှိစေနိုင်မယ့် သစ်ခိုးထုတ်ခြင်းလုပ်ငန်း အပေါ်မှာ အဓိကစီးပွားရေးတစ်ရပ်အနေနဲ့ဖော်ဆောင်ခြင်းဖြစ်ပါတယ်။ (၂) ပြည်တွင်းပြည်ပဝယ်လို အား ကြီးမားတဲ့အဖိုးတန်သစ်များကို ခိုးယူထုတ်လုပ်ခြင်းများမှာ ဝိသမလောဘသားများ၊ စီးပွားရေး သမားများကနေပြီးတော့ ငွေကြေးပမာဏကြီးစွာ ရင်းနှီးမြှုပ်နှံခြင်း၊ (၃) တရားမဝင်သစ်ခိုးထုတ် ခိုးယူ ခုတ်လှဲတဲ့နေရာမှာ အဓိကလက်နက်အဖြစ်အသုံးပြုတဲ့ တရားမဝင်လက်ကိုင်လွှစက် Chain Saw တွေ၊ တရားမဝင်သစ်သယ်ဆောင်တဲ့၊ အသုံးပြုတဲ့ လိုင်စင်မဲ့ယာဉ်နဲ့ ယန္တရားများကို စျေးနှုန်းသက်သာ စွာနဲ့ အလွယ်တကူဝယ်ယူနိုင်ခြင်း၊ (၄) နယ်စပ်ဒေသနှင့် ဆက်စပ်နေမှုများမှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ (၅) လက်ရှိပြဌာန်းထားတဲ့ သစ်တောဥပဒေမှာ အားနည်းချက်များပါဝင်ခြင်း၊ (၆) သစ်တောဦးစီးဌာနရဲ့ဝန်ထမ်းများ နည်းပါးခြင်းကြောင့် တရားမဝင်သစ်ဖမ်းဆီးခြင်းနှင့်အတူ တစ်ဖက် မှလည်းပဲ ပုံမှန်လုပ်ရတဲ့သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်နေရခြင်း စတဲ့အကြောင်းတရားများကို တွေ့ရှိရပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင်သစ်များခိုးယူ ထုတ်လုပ်ခြင်းကို လျော့နည်းပပျောက်စေရန်အတွက် ကာကွယ်တားဆီးမှုများကို မြို့နယ်အလိုက် ပုံမှန် ကင်းလှည့်စစ်ဆေးဖမ်းဆီးခြင်း၊ သယ်ဆောင်ရာမှာ ကုန်းလမ်း၊ ရေလမ်းများကို စစ်ဆေးဖမ်းဆီးခြင်း၊ တရားမဝင်ပိုမိုထွက်တဲ့ သစ်ထွက်ရာဒေသများမှာ တိုင်းဒေသကြီး/ပြည်နယ်ထိစပ်နယ်နိမိတ်များ၊ သက်ဆိုင်ရာခရိုင်အလိုက် လက်ထောက်ညွှန်ကြားရေးမှူးများကနေပြီးတော့ ခေါင်းဆောင်တဲ့ စစ်ကြောင်းများဖြင့် ရှာဖွေဖမ်းဆီးခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ စစ်ကြောင်းပုံစံနဲ့ ဖမ်းဆီး ခြင်း၊ သတင်းပေးတိုင်ကြားချက်အပေါ်မှာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးက အစီအစဉ် နဲ့လျှပ်တပြက်ရှာဖွေခြင်းများကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ တရားမဝင်သစ်ဖမ်းဆီး ရေးအတွက် သစ်တောဝန်ထမ်းများဟာ သေနတ်၊ လက်နက်ကိုင်ဆောင်ခွင့်မရှိတဲ့အတွက်ကြောင့်မို့လို့ တရားဝင်မှောင်ခိုသမားများရဲ့ အုပ်စုဖွဲ့ရန်ပြုတိုက်ခိုက်မှုများ၊ တရားမဝင်သစ်ခိုးထုတ်လုပ်တဲ့နေရာမှာ ပါဝင်ပတ်သက်နေတဲ့အချို့သောအဖွဲ့အစည်းများရဲ့ ပစ်ခတ်တိုက်ခိုက်မှုများကို ဖြစ်ပေါ်စေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထဲမှာ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပါပဲ။ လက်ထောက်ညွှန်ကြားရေးမှူးအပါအဝင် သစ်တောဦးစီး ဝန်ထမ်း ရှစ်ဦးသေဆုံးပြီးတော့ လက်ထောက်ညွှန်ကြားရေးမှူးထိအပါအဝင် ၄၂ ယောက်ဒဏ်ရာရရှိ ကြပါတယ်။ အဲဒီလိုဖြစ်ပေါ်လာမှုများကြောင့် တရားဝင်သစ်များဖမ်းဆီးခြင်း၊ တာဝန်ထမ်းဆောင်တဲ့

သစ်တောဝန်ထမ်းများရဲ့လုံခြုံရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ဖွဲ့စည်းထားတဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များကို တိုင်းဒေသကြီးနှင့်ပြည်နယ် ၇ ခု၊ ခရိုင် ၁၃ ခုမှာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ကစပြီးတော့ ဖြန့်ခွဲပြီးတော့ ထိရောက်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာလည်းပဲ ပြည်ထဲရေးကနေပြီးတော့ ကျွန်တော်တို့ သစ်တောဘက်ကိုလွှဲထားတဲ့ တာဝန်ထမ်းဆောင်ဖို့ရဲဝန်ထမ်းစုစုပေါင်း ၂၄၀ ပဲရှိပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ခွဲဝေချထားပေးမယ့်ဝန်ထမ်းအင်အားရဲ့ ၁၃.၈၂ ရာခိုင်နှုန်းပဲရှိပါတယ်။ အဲဒီအပြင် နယ်မြေဒေသလုံခြုံရေးအပေါ်မူတည်ပြီးတော့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ တရားဥပဒေစိုးမိုးမှုအထူးအားနည်းတဲ့ နယ်စပ်ဒေသများမှာတော့ တရားမဝင်သစ်ခိုးထုတ်မှုများကို တပ်မတော်ကနေပြီးတော့ ထိရောက်စွာဖမ်းဆီးပေးလျက်ရှိပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနကနေပြီးတော့ သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်များကို ဟိုးရှေးခေတ်နှစ်ပေါင်း ၁၀၀ ကျော်ကတည်းကရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ၂၀၀၆ ခုနှစ်မှာရှိခဲ့တဲ့ သစ်တောစစ်ဆေးရေးဂိတ် ၁၉၉ ခုကနေ ၇၆ ခုကို ပြင်ဆင်ဖွဲ့စည်းခဲ့တယ်။ အခုအချိန်မှာတော့ တိုင်းဒေသကြီးအားလုံးဟာ၊ သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်ဟာ ၄၇ ခုပဲရှိပါတယ်။ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများခိုးထုတ်သယ်ဆောင်ခြင်းကို စစ်ဆေးဖမ်းဆီးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ဦးဆောင်ပြီးတော့ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့ စစ်ဆေးရေးစခန်းများမှာလည်းပဲ တရားမဝင်သစ်များကို စစ်ဆေးဖမ်းဆီးခြင်းများကိုလည်း ထိရောက်စွာဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောသယံဇာတများကို ကာကွယ်ထိန်းသိမ်းမှုများ၊ တရားမဝင်သစ်ဖမ်းဆီးခြင်းဆောင်ရွက်ရာမှာ ဒေသခံပြည်သူများကနေပြီးတော့ ပူးပေါင်းဆောင်ရွက်မှုက အလွန်အရေးကြီးပါတယ်။ ခုနကကိုယ်စားလှယ်တစ်ဦး ထောက်ပြထားပါတယ်။ အလွန်မှန်ပါတယ်။ တာဝန်သိပြည်သူများ၊ ဒေသခံအဖွဲ့အစည်းများကနေပြီးတော့ သတင်းပေးဆောင်ရွက်မှုများကိုလည်းပဲ အထူးအလေးထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ အဲဒီဆောင်ရွက်ချက်ကို ပိုမိုထိရောက်စေတဲ့အတွက် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monetary and Reporting System)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သတင်းပေးကွန်ယက်များ ဖွဲ့စည်းခြင်း၊ စောင့်ကြည့်သတင်းပေးစနစ်များအကောင်အထည်ဖော်ခြင်း၊ Hotline ဖုန်းနံပါတ်များ

လူမှုကွန်ယက်ကနေပြီးတော့ အသိပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးများကိုလည်းပဲ ကျေးလက်နေပြည်သူများ သဘောပေါက်အောင် ရှင်းလင်းဟောပြောခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အခုတရားမဝင်သစ်ဖမ်းဆီးမှုနဲ့ပတ်သက်ပြီး လက်ရှိအစိုးရတာဝန်ယူတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေပြီးတော့ ကျွန်တော်တို့ ဒီနှစ်မှာ တရားမဝင်ကျွန်းသစ်စုစုပေါင်း၊ ကျွန်းသစ်မာစုစုပေါင်း ခုနက ကိုယ်စားလှယ်တော်ကြီးများ ထောက်ပြသလိုပါပဲ။ ၅၀၀၂၆ တန် နိုင်ငံခြားသား ၁၁ ဦးအပါအဝင် တရားခံစုစုပေါင်း ၈၃၃၇ ဦး၊ ယာဉ်ယန္တရားပေါင်း ၂၅၉၉ ဦးစီတို့ ဖမ်းဆီးရမိပါတယ်။ အဲဒီဖမ်းဆီးရမိမှုဟာ ၁၀ နှစ်အတွင်းကြည့်မယ်ဆိုရင် တတိယအများဆုံးဖြစ်ပါတယ်။ ဒါ့အပြင် တရားခံနှင့် ယာဉ်/ယန္တရားများ ဖမ်းဆီးမှုကလည်း ၁၀ စုနှစ်အတွင်းမှာတော့ အများဆုံးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် Power Point မှာတင်ပြထားပါတယ်။ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီကနေပြီး ဇွန်လထိ သုံးလအတွင်းမှာကိုပဲ တရားမဝင်သစ်စုစုပေါင်းတန်ပေါင်း ၁၆၆၀၈ တန်၊ တရားခံစုစုပေါင်း ၂၁၈၈ ဦးနဲ့ ယာဉ်/ယန္တရားစုစုပေါင်း ၉၇၃ စီးကို သုံးလအတွင်းမှာ ဖမ်းဆီးရရှိမိပါတယ်။

သစ်မှောင်ခိုထုတ်လုပ်သူများဟာ အထူးသဖြင့် ရုံးပိတ်ရက်ရက်ရှည်များကို အခွင့်ကောင်းယူပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ သစ်တောဦးစီးဌာနဟာ သင်္ကြန်ကာလအတွင်းမှာ စီမံချက်နဲ့ဖမ်းတဲ့အခါမှာ ရရှိတဲ့သစ်များရဲ့ တရားခံနဲ့ယန္တရားများစာရင်းကို ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ အဲဒီမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ပေါ့လေ။ သင်္ကြန်ကာလအတွင်းကနေပြီးတော့ ၂၀၁၇-၂၀၁၈ သင်္ကြန်ကာလအတွင်းမှာ ဖမ်းဆီးရမိတဲ့သစ်တန်ချိန်ပေါင်းဟာ ၇၈၄၉ တန်ဖြစ်ပြီးတော့ ယာဉ်/ယန္တရားပေါင်း၂၂၀၂ စီး၊ တရားခံ ၂၇၀ ဦး ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီလိုရှာဖွေဖမ်းဆီးရမိမှုဆောင်ရွက်ရာမှာ တရားမဝင်သစ်နဲ့ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိသလိုပဲ ပိုင်ရှင်မဲ့များလည်း ဖမ်းဆီးရမိခြင်းများ ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပိုင်ရှင်ရှိနဲ့ ပိုင်ရှင်မဲ့စာရင်းကို ကျွန်တော် တင်ပြထားတာပါ။ အဲဒီတော့ ကြည့်မယ်ဆိုလို့ရှိရင် ဖြစ်စဉ်ပေါင်း၊ စုစုပေါင်း ၁၆၃၂၀ မှာ ပိုင်ရှင်မဲ့က ၅၈ ရာခိုင်နှုန်း၊ ပိုင်ရှင်ရှိက ၄၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါတယ်။ အဲဒီတော့ ပိုင်ရှင်မဲ့တွေ ဘာကြောင့်ဖြစ်ရပါသလဲလို့ ကျွန်တော်တို့ သုံးသပ်တဲ့အခါမှာ ခြောက်ချက်တွေ့ရပါတယ်။ (က)အဖွဲ့အစည်းများ လှုပ်ရှား သွားလာလျက်ရှိတဲ့ တရားဥပဒေစိုးမိုးမှု အားနည်းတဲ့နယ်မြေများမှာ ပိုင်ရှင်တွေ့ရှိရခြင်းမရှိဘဲနဲ့ ဖမ်းဆီးရမိခြင်း၊ (ခ) တောတွင်းနေရာများမှာ ပိုင်ရှင်

တွေ့ရှိရခြင်းမရှိဘဲ ဖမ်းဆီးရမိခြင်း၊ (ဂ) မြို့နှင့်ကျေးရွာအနီးတစ်ဝိုက်မှာ ပိုင်ရှင်မရှိဘဲ ဖမ်းဆီးရမိတဲ့ အပေါ်မှာ တာဝန်ရှိသူအပါအဝင် ဖမ်းဆီးရမိတာက အနီးအနားမှာရှိတဲ့ ပုဂ္ဂိုလ်များကိုမေးတဲ့အခါမှာ ပိုင်ရှင်များအားသိသော်လည်းပဲ ကွယ်ဝှက်ပြီးတော့ ထွက်ဆိုခြင်း၊ (ဃ) စတင်တွေ့ရှိစဉ် ပိုင်ရှင်နှင့် အတူ တွေ့ရှိရသော်လည်းပဲ လက်ရဖမ်းဆီးရမိရေးဆောင်ရွက်စဉ်မှာ ပိုင်ရှင်မှ ထွက်ပြေးတိမ်းရှောင် ခြင်း ဥပမာအားဖြင့် လိုင်စင်မဲ့ကားတွေ ကျွန်တော်တို့ တွေ့တယ်။ ဖမ်းပါတယ်။ ကားရပ်ပြီးတော့ ပြေးပါတယ်။ (င) ဖမ်းဆီးစဉ် အုပ်စုဖွဲ့ခြိမ်းခြောက်ခြင်းနှင့် ပြန်လည်ခုခံတိုက်ခိုက်ခြင်းတို့ကြောင့် ရှောင်တိမ်းထွက်ပြေးခြင်း အခုနက ကိုယ်စားတွေချည်းတင်ပြသလိုပါပဲ။ အဲဒီ Case က ကျွန်တော်တို့ ဆီမှာ အများအပြားဖြစ်နေပါတယ်။ (စ) ဘာသာရေးကျောင်း၊ နယ်မြေများအတွင်းဖြစ်ပါက မလိုလား အပ်သော အခြားနောက်ဆက်တွဲ ပြဿနာများမဖြစ်ပေါ်စေရေးအတွက် ပိုင်ရှင်အမှန်ကို ဖော်ထုတ် တရားစွဲဆိုရန် ကန့်သတ်ချက်များ ရှိခြင်းတို့ဖြစ်ပါတယ်။ တရားမဝင်သစ်နှင့် ဆက်စပ်တဲ့ ပစ္စည်းများကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခြင်းကြောင့် မူလကျူးလွန်သူပိုင်ရှင်များ ထိရောက်သောပြစ်ဒဏ်ချမှတ်ပေးခြင်း မရှိနိုင်တဲ့အပြင် အဆိုပါပုဂ္ဂိုလ်များမှ သစ်ခိုးထုတ်မှုများ ထပ်မံဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရှိ စေတဲ့အတွက် ကြောင့်မို့လို့ သစ်တောဦးစီးဌာနကနေပြီးတော့ တရားခံများဖော်ထုတ်ဆောင်ရွက်ရေး ကို အောက်ပါအတိုင်း ငါးချက်ဆောင်ရွက်လျက် ရှိပါတယ်။ (က) ဖမ်းဆီးရမိတဲ့နေရာအနီးဝန်းကျင် နေထိုင်သူများနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအား စည်းရုံးရှင်းလင်းပြောကြားပြီး တရားခံကို ထုတ်ဖော်နိုင်ရန် ဆောင်ရွက်ခြင်း၊ (ခ) ပိုင်ရှင်မဲ့ ဖမ်းဆီးရမိတဲ့ ယဉ်များရဲ့ အင်ဂျင်အမှတ်၊ ဘောင်အမှတ်များကို ရယူပြီးတော့ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနကို ပေးပို့ပြီးတော့ ပိုင်ရှင်ထုတ်ဖော်ဆောင်ရွက်ရေး၊ (ဂ) ဖမ်းမိတဲ့အနီးတစ်ဝိုက်မှာရှိတဲ့ ယဉ်များပေါ်မှာ ပါတဲ့ သက်သေအထောက်အထား၊ အချက်အလက်များအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာနယ် မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တရားရုံးများ၊ အမှုများဖွင့်ခြင်း၊ (ဃ) တရားမဝင် သစ်နှင့်ပတ်သက်ပြီးတော့ အရေးကြီးတဲ့ ခရိုင် ၁၄ ခုများမှာ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က စတင်ခန့်အပ်ပြီးတော့ သစ်တောဝန်ထမ်းများရဲ့ တရားမဝင် ဖမ်းဆီးရေးဆောင်ရွက်ရာမှာ လုံခြုံရေးအကာအကွယ်များကို ရရှိစေခြင်း၊ (င) တိုင်းရင်းသား အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေတဲ့အမှုကိစ္စရပ်များမှာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း တပ်ဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေကြောင်းအရ ပိုမိုထိရောက် အရေးယူနိုင်ရေးနှင့်ပတ်သက်ပြီးတော့ တရားမဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီး

ရမိမှုများကို သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိတဲ့အပြင် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေမှာ နယ်မြေအလိုက် တရားမဝင်သစ်ခိုးထုတ်မှုများ လျော့နည်းပပျောက်စေရန်အတွက် ဖမ်းမိသစ်မျိုးနှင့် ပမာဏအပေါ် မူတည်ပြီးတော့ ပြည်သူပိုင်ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေ ၆ (၁)၊ အများနှင့်သက်ဆိုင်တဲ့ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ၃(အပက-၃) နှင့် ထိရောက်စွာ အရေးယူနိုင်ရန်လည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။

ယခု ကျွန်တော်တို့ လိုက်နာကျင့်သုံးနေတဲ့ သစ်တောဥပဒေ (၁၉၉၂) ကပြဋ္ဌာန်းတဲ့ဟာက ကျူးလွန်တဲ့ပြစ်မှုနှင့် ပြစ်ဒဏ်များ လက်ရှိကာလနှင့် ကိုက်ညီမှုမရှိပါဘူး။ ဒါကြောင့်မို့လို့လည်းပဲ သစ်တောဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲပြီးတော့ မကြာမီမှာပဲ လွှတ်တော်ကနေပြီးတော့ အတည်ပြုမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သစ်တောဥပဒေသစ်များကိုပြဋ္ဌာန်းပြီးလို့ရှိရင် တရားမဝင်သစ်ထုတ်လုပ်သယ်ဆောင်တဲ့ပြစ်မှုများအပေါ်မှာ နောင်ကျဉ်တဲ့အထိ ထိရောက်စွာအရေးယူမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အများဆုံးထောင်ဒဏ် ၁၅ ရယ်၊ ငွေဒဏ်ကို ကျပ်သိန်း ၃၀ အထိ ချမှတ်ခြင်းများကို ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ ဝန်ထမ်းနှင့်ပတ်သက်ပြီး ကျွန်တော် ထပ်မံပြီးတော့ တင်ပြလိုပါတယ်။ ၁၉၇၅ ခုနှစ်မှာ ဝန်ထမ်းအင်အား ၃၈၅၉ ဦးရှိပါတယ်။ အဲဒီအတိုင်းကို အပြည့်အဝ ကျွန်တော်တို့ ပေးနိုင်ပါတယ်။ သို့သော် နောက်ကာလတွေမှာ Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ အခု ၂၀၁၇ ခုနှစ်ဆိုရင် တကယ်တမ်းဖွဲ့စည်းပုံက ၁၅၄၄၉ ဦးမှာ ၈၀၆၀ ပဲရှိပါတယ်။ တစ်နည်းအားဖြင့် သစ်တောဝန်ထမ်းဟာ အခုနက ဖွဲ့စည်းပုံရဲ့ ၅၂.၁၇ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါက စာရေးစာချီပါပါတယ်။ တကယ်တမ်းဖမ်းဆီးနေတဲ့ တကယ်ကွင်းဆင်းဝန်ထမ်းအားဖြင့်ကြည့်မယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံအရ ၉၆၇၉ ဦးရှိပေမဲ့ ခန့်ထားတာက ၅၈၇၂ ဦးပဲရှိပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ဟာ ၆၀.၅ ရာခိုင်နှုန်းပဲ ခန့်ထားပြီးတော့ အဲဒီဦးရေနဲ့ပဲ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ သစ်တောဦးစီးဌာနမှာ တာဝန်ယူစီမံခန့်ခွဲနေတဲ့၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေမှာ စုစုပေါင်း ပေါင်းလိုက်မယ်ဆိုရင် ဧကအားဖြင့် ၄၉ သန်းကျော်ရှိပါတယ်။ သို့သော်လည်းပဲ လက်ရှိသစ်တောဝန်ထမ်းများနှင့် ဆောင်ရွက်တဲ့နေရာမှာ သစ်တောဝန်ထမ်းတစ်ယောက်ဟာ ဧကရှစ်ထောင်ကျော်ကို တာဝန်ယူနေရပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေမှာ ကျွန်တော်တို့ တာဝန်ယူရတဲ့ သစ်တောဧရိယာရဲ့ သုံးပုံးတစ်ပုံ၊ လေးပုံတစ်ပုံပဲရှိကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းကလည်း အင်မတန်နည်းပါးပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဒီဟာကိုကျော်လွှားနိုင်ဖို့အတွက် သစ်တောဦးစီးဌာန ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့နိုင်ရေးအတွက်

အထက်ဌာနအဆင့်ဆင့်ကို တင်ပြပြီးတော့ ဆောင်ရွက်နေပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုလို့ရှိရင် လည်းပဲ တရားမဝင်သစ်ခိုးထုတ်တဲ့နေရာမှာ သယ်ဆောင်မှုမှာပါဝင်နေတဲ့ဝန်ထမ်းများကို၊ ပေါ့လျော့စွာထမ်းဆောင်တဲ့ဝန်ထမ်းများကို ကျူးလွန်တဲ့အပြစ်အပေါ်မူတည်ပြီးတော့ ဥပဒေအရ ထိရောက်စွာ အရေးယူထားပါတယ်။ Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဇွန်လကုန်အထိ သစ်တောဝန်ထမ်းစုစုပေါင်း ၁၁၁၁ ဦးကို အရေးယူထားပါတယ်။ ဒါက အဲဒီအပြင် လောလောဆယ်မှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပြီးတော့ ဝန်ကြီးဌာနရဲ့သဘောထားပြောပေးပါ။ နိဂုံးချုပ်ပြီးတော့ ဝန်ကြီးဌာနက မှတ်တမ်းတင်မလား။ အတည်ပြုမလား။ အတည်မပြုဘူးလား။ ဝန်ကြီးဌာနသဘောထားပြောပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေတဲ့ တရားမဝင်သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာကာကွယ်တားဆီးနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ လက်တွေ့ တွေ့ကြုံနေရတဲ့အခက်အခဲများကို နည်းမျိုးစုံနဲ့ ဖြေရှင်းကျော်လွှားပြီး ဆက်စပ်ပတ်သက်တဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာများ၊ ဒေသခံများ၊ ဒေသခံပြည်သူများပူးပေါင်းပြီး အရှိန်အဟုန်တိုးမြှင့်ပြီးတော့ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်တဲ့အပြင် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။ တိုးတိုနှင့်လိုရင်းပြောပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော့်အဆိုကို လွှတ်တော်မှာဆွေးနွေးခွင့်ပြုတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒီအဆိုကို ပြည့်စုံစွာ ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီအဆိုတင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ သစ်တောသယံဇာတတွေကို နိုင်ငံတော်နှင့်နိုင်ငံသားတွေအရှည်သဖြင့် သုံးဆောင်ခံစားနိုင်ဖို့ပါ။ အတိတ်ကာလတစ်လျှောက်မှားယွင်းခဲ့တဲ့ အကျိုးဆက်တွေကြောင့် ယခုမျက်မှောက်ကာလမှာ ကျွန်တော်တို့ နိုင်ငံသားတွေ မဆုံးနိုင်တဲ့ ဆိုးကျိုးတွေ ခံစားနေကြရပါတယ်။ ပြည်သူ့အစိုးရတက်လာကတည်းက အဓိကဖြေရှင်းနေ

ရတာဟာ နိုင်ငံတစ်နံတစ်လျားတွေ့ကြုံရတဲ့ သဘာဝဘေးတွေပါ။ ကျွန်တော့်အနေနဲ့ ယခင်ကာလ အကျင့်ဆိုးတွေ၊ စရိုက်ဆိုးတွေ နက်ရှိုင်းစွာအမြစ်တွယ်ဆဲ ပြုမူကျင့်ကြံဆဲပါ။ ကျွန်တော်တို့ လုပ်ပိုင်ခွင့်ရချိန်မှာ ဒီလိုဆက်လက်ဖြစ်ပွားနေအုံးမယ်ဆိုရင်တော့ အနာဂတ်မျိုးဆက်တွေအတွက် ဆိုးမွေကျန်ရစ်ပြီး ကျွန်တော်တို့ သမိုင်းတရားခံဖြစ်ပါလိမ့်မယ်။ သဘာဝဘေးဆိုးတွေရဲ့ အဓိကအကြောင်းအရင်းဖြစ်တဲ့ သစ်တောပြုန်းတီးမှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တားဆီးကြဖို့ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော့်စေတုတ္တရာမြို့နယ် ကျွန်တော်တို့အားလုံးရဲ့ မျက်စိရှေ့မှာ ဥပဟိုဖြစ်ပွားနေတဲ့ သစ်ခိုးထုတ်မှုတွေမှာ မြို့နယ်အုပ်ချုပ်ရေး၊ တာဝန်ရှိသူတချို့တလေ ပါဝင်ပတ်သက်မှုတွေဖြစ်တာကို ၆-၇-၂၀၁၇ ရက်နေ့ည အောက်ပုံကျေးရွာအနီး ဖမ်းမိမှုကအထင်အရှားပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောကြားလိုတာကတော့ တရားမဝင်သစ်ခိုးထုတ်မှုတွေကို တားဆီးနိုင်ဖို့ ပြည်သူတွေနဲ့အတူ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ၊ သစ်တောဝန်ထမ်းတွေ၊ ရဲဝန်ထမ်းတွေ၊ မြို့နယ်တာဝန်ရှိသူအဆင့်ဆင့်တွေဟာ တာဝန်ကျေပွန်ရပါမယ်။ အဂတိတရားကင်းရှင်းကြရပါမယ်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်နှင့်နိုင်ငံသားတွေအကျိုးစီးပွားအတွက် လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဦးကျော်အောင်လွင် စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးပြီး သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်းအတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက် နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ဥက္ကဋ္ဌထံစာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ရာသီတုတ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့် ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုဖြစ်ပါတယ်။ အရေးကြီးအဆိုတင်သွင်းဖို့ ဦးသိန်းထွန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ကျွန်တော်အရေးကြီးအဆိုတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ယနေ့ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ H1N1 2009 နှင့်ပတ်သက်ပြီးတော့ ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီကနေ့ အရေးကြီးအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးကြီးအဆိုအနေနဲ့ ရာသီတုတ်ကွေးရောဂါ(Seasonal Influenza A(H1N1) pdm 2009) နှင့်ပတ်သက်ပြီးတော့ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ၂၇-၇-၂၀၁၇ နေ့ သတင်းထုန်ပြန်ချက်အရ ရာသီတုတ်ကွေးရောဂါ(H1N1) pdm 2009 ဖြစ်ပွားမှုနှင့်ပတ်သက်ပြီးတော့ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများတွင် (H1N1) pdm 2009 Positive ဖြင့်တက်ရောက်ကုသမှုခံယူလျက်ရှိသူများအနက် ၂၄-၇-၂၀၁၇ ရက်နေ့၌ ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော အသက် ၅ နှစ်အရွယ် မိန်းကလေးတစ်ဦးဟာ ၂၅-၇-၂၀၁၇ ရက်နေ့၊ နေ့လယ် ၃း၁၅ မိနစ်တွင်လည်းကောင်း၊ ၂၅-၇-၂၀၁၇ ရက်နေ့၊ နံနက် ၈း၅၀ မှာ သဃ်န်းကျွန်းစံပြဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေသော အသက်ငါးနှစ်အရွယ်မိန်းကလေးတစ်ဦးသည် ယနေ့တွင်ပင်လည်းကောင်း၊ ၂၅-၇-၂၀၁၇ ရက်နေ့၊ ညနေ ၅ နာရီ၌ ရန်ကုန်၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေသော အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးဟာ ၂၇-၇-၂၀၁၇ ရက်နေ့၊ နံနက် ၇း၁၅ မိနစ်မှာလည်းကောင်း သေဆုံးခဲ့ကြောင်း သိရှိရပါတယ်။ ၅-၇-၂၀၁၇ ရက်နေ့မှ ၂၇-၇-၂၀၁၇ ရက်နေ့အထိ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာ သံသယတုတ်ကွေးရောဂါရှိသူ ၃၀၀ ဦးအနက်မှ ၎င်းတို့အနက် ၁၀ ဦးဟာ (Seasonal Influenza A(H1N1) pdm 2009) Positive တွေ့ရှိခဲ့ပြီးတော့ သေဆုံးမှုမရှိကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉-၇-၂၀၁၇ ရက်နေ့မှာစပြီးတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၅၅၀)ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီးရန်ကင်း၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး (ရန်ကုန်)၊ ရန်ကုန်ကလေးဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ အထူးကုဆေးရုံကြီး(ရန်ကုန်)၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီးနှင့် ပြင်ပပုဂ္ဂလိကဆေးရုံတို့မှ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ(Severe Acute Respiratory Illness) ဖြင့် လူနာ ၃၉

ဦးအား ဆေးကုသမှုပေးခဲ့ရာ ၎င်းတို့အနက် ၁၉ ဦးမှာ (Seasonal Influenza A(H1N1) pdm 2009) Positive တွေ့ရှိခဲ့ပြီး ယနေ့အထိ ၆ ဦးသေဆုံးခဲ့ကြောင်း သိရှိရပါတယ်။ ပဲခူးအထွေထွေရောဂါကု ဆေးရုံကြီးမှာလည်း လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် လူနာတစ်ဦးအား ဆေးကုသမှုပေးခဲ့ရာ H1N1 pdm 2009 Positive တွေ့ရှိရပြီးတော့ သေဆုံးမှုမရှိကြောင်း တွေ့ရှိရပါတယ်။ ၁၉-၇-၂၀၁၇ ရက်နေ့မှ ၂၇-၇-၂၀၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးတွင်ရရှိသော အချက်အလက်များအရ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြစ် လူနာ ၅၀ ဦး အား ဆေးကုသမှုပေးခဲ့ပြီးတော့ (H1N1)pdm 2009 Positive စုစုပေါင်းလူနာ ၃၀ ဦးရှိခဲ့ပြီးတော့ ၎င်းတို့အနက်မှ ၆ ဦးသေဆုံးကြောင်းလည်း သတင်းရရှိ သိရှိခဲ့ရပါတယ်။ ထိုကြေညာချက်မှာ ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ယင်းဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများနှင့် Myanmar CDC Face Book စာမျက်နှာများမှာ ထုတ်ပြန်ထားရှိသော ရာသီတုတ်ကွေးရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြရန် တုတ်ကွေးဆန်သောရောဂါလက္ခဏာဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ခြင်းကုသမှုခံယူရန်ဟု ပါရှိခဲ့ပါတယ်။ H1N1 လူနာ ၃၀ ဦး ဖြစ်ပြီးတော့ ၆ ဦးသေဆုံးခဲ့ခြင်းကြောင့် ၂၀ ရာခိုင်နှုန်းဖြစ်လို့ အင်မတန်မှရာနှုန်းများသော သေဆုံးမှု တစ်ရပ်ဖြစ်ပါတယ်။ ထိုသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအနေဖြင့် H1N1 ရောဂါလက္ခဏာများကို သာမန်တုတ်ကွေးမှတ်ယူပြီးတော့ နောက်ကျမှရရှိလာခြင်းဖြစ်ပြီးတော့ ယူဆတဲ့အတွက်ကြောင့် H1N1 ပညာပေးလုပ်ငန်းကို လူစုလူဝေးရှိနေသော ကျောင်းများ၊ ရုံးများ၊ အလုပ်ရုံ၊ စက်ရုံများ၊ ဘတ်(စ်)ကား များ၊ မီးရထား၊ သင်္ဘော၊ လေဆိပ်များမှာ လူထုပညာပေးရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသင့်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနအနေဖြင့် အင်တာနက်စာမျက်နှာများနှင့် Myanmar CDC Facebook စာမျက်နှာများကို မြန်မာလူဦးရေ ၅၁ သန်းကျော်အနက် ကျွန်တော်တို့ဘယ်လောက်ကြည့်ရှုနိုင်ပါ့မလဲ။ ပြည်သူတွေ သိချင်ရင် ကြည့်ကြဆိုတဲ့ ဝန်ကြီးဌာနဗဟိုပြုဆိုတာထက် ပြည်သူတွေအားလုံး ဒီအချက်ကိုသိအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ပြည်သူဗဟိုပြုဖြစ်ဖို့ လိုအပ်ပါတယ်။ ပြည်သူတွေသိရှိပြီး ကိုယ်စီကိုယ်ငှ ကာကွယ်ခြင်းက ရောဂါဖြစ်မှုအတွက် ကုသခြင်းထက် အထိရောက်ဆုံးထိန်းချုပ်ခြင်းဖြစ်ပါတယ်။ စိုးရိမ်စရာကောင်းတဲ့အချက်တစ်ချက်ကလည်း အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယမှာ ဒီလ ၁၇ ရက်နေ့

အထိ ၁၂၄၆ဝ အောက် H1N1 ဖြစ်ပြီးတော့ လူ ၆ဝဝ ဦးသေဆုံးခဲ့ပြီးတော့ ယမန်နှစ်ကလည်း အိန္ဒိယမှာ ၂၆၅ ဦး သေဆုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထိုနိုင်ငံက မြန်မာနိုင်ငံသို့ မကူးစက်ရန် သင်္ဘောဆိပ်တွေ၊ လေဆိပ်တွေမှာလည်း စစ်ဆေးမှုများ ပြုလုပ်ထားရန် အထူးလိုအပ်ကြောင်းကို အကြံပြုတင်ပြအပ်ပါတယ်။

သို့ပါ၍ ပြည်သူလူထုအား သတင်းစာ၊ TV၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Myanmar CDC Facebook တို့တွင် တင်ထားရုံနှင့်မလုံလောက်တော့ဘဲ လူစည်ကား၍ ကူးစက်လွယ်နေရာများဖြစ်တဲ့ ဘတ်(စ်)ကားနှင့်မှတ်တိုင်များ၊ မီးရထားနှင့်ဘူတာရုံများ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် ကူးတို့ဆိပ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များစတဲ့ လူသူထူထပ်တဲ့နေရာများမှာ ရောဂါလက္ခဏာများအကြောင်းနှင့် ကြိုတင်ကာကွယ်မှုပြုနိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မျက်နှာဖုံး၊ မက်များဝေငှခြင်း၊ စာသင်ကျောင်းများ၊ ရုံးများ၊ စက်ရုံများတွင် ဟောပြောပွဲများပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာများတွင် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်သကဲ့သို့ အသံချဲ့စက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ခြင်းများကို ထိထိရောက်ရောက် အသိပေးဆောင်ရွက်သင့်ပါတယ်။ အဆိုပါနည်းလမ်းများဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ယနေ့အစိုးရ၏ ကြွေးကြော်နေတဲ့ ပြည်သူနှင့်အတူဆိုတာကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာမို့ ယခုလိုကာလမျိုးမှာ အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာတို့နှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ ပေါင်းစပ်ပြီး ဆောင်ရွက်အကူအညီပေးရမှာ ဖြစ်ပါတယ်။

သို့ပါ၍ H1N1 2009 ရောဂါလက္ခဏာအကြောင်း ပြည်သူလူထုပိုမိုသိရှိနားလည်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ H1N1 ရောဂါထိန်းချုပ်နိုင်ရေးကို ပြည်သူများနှင့်အတူဆောင်ရွက်နိုင်ရေးအတွက် ရာသီတုတ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 2009) နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကာကွယ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းတင်သွင်းမယ့်အရေးကြီးအဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းတဲ့ ရာသီတုတ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 2009) နှင့် ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက် နည်းပါးစေရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ H1N1 ရာသီတုတ်ကွေးရောဂါဖြစ်ပွားမှုကို အခြေပြုပြီး H1N1 ရောဂါမဖြစ်ပွားစေရေးနဲ့ အသေအပျောက်နှုန်းထိန်းချုပ်ရေးဆိုတဲ့ အဆိုရှင်ရဲ့အဆိုကို ကြိုဆိုထောက်ခံပါတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ ဝိုင်းဝန်းကူညီရန်အတွက် H1N1 ဆိုတာဘာလဲ။ ရောဂါလက္ခဏာကဘာလဲမဖြစ်အောင် ဘယ်လိုကာကွယ်မလဲ၊ ဖြစ်လာရင်ဘယ်လိုလုပ်ရမလဲဆိုတဲ့အသိရှိရန် လိုအပ်မှာဖြစ်ပါတယ်။ အသိနှင့်သတင်းအချက်အလက်မရဘဲ ဘာလုပ်ရမလဲ။ ဒါကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ သိချင်ရင်ဘယ်မှာကြည့်ရမလဲ၊ ဘယ်လိုလိုက်နာရမလဲဆိုတဲ့ သတင်းထုတ်ပြန်ချက်ကို သတင်းစားထဲထည့်ရုံ၊ TV သတင်းမှာထည့်ရုံနဲ့ မလုံလောက်ပါ။ ပြည်သူ့အစိုးရပီပီ ပြည်သူနဲ့အတူဆိုရင် ဒီရောဂါဝေဒနာကို ပြည်သူ့ထံမရောက်အောင်၊ မပြန့်ပွားအောင်၊ မသေဆုံးအောင်၊ ပြည်သူတွေနဲ့အတူ အကောင်အထည်ဖော်နိုင်ပြီလား၊ တားဆီးနိုင်ပြီလားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာနရဲ့သတင်းစာရှင်းလင်းပွဲမှာ ဒီရောဂါဟာ နှစ်စဉ်ဖြစ်ပွားလေ့ရှိတဲ့ ရာသီတုတ်ကွေးရောဂါဖြစ်ပြီးတော့ တစ်ရာခိုင်နှုန်းခန့် သေဆုံးပါတယ်လို့ ဖော်ပြရှင်းလင်းတာကို တွေ့ရပါတယ်။ ဒါဟာ ပြည်သူတွေအထိတ်တလန့်မဖြစ်အောင် စေတနာနဲ့ ရှင်းလင်းတာလို့ နားလည်ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ A H1N1ကတော့ လူနာ ၃၀ ဦး ရောဂါကူးစက်ခံနေရတဲ့အတွက် ချင်းပြည်နယ်မှာ ၁၀ ဦးနဲ့ ပဲခူးတိုင်းဒေသကြီးမှာ တစ်ဦးမပါဝင်လို့ရှိရင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းမှာ လူနာ ၁၉ ဦးမှာ ခြောက်ဦးသေဆုံးခဲ့တာဖြစ်လို့ အင်မတန်စိုးရိမ်ဖို့ကောင်းနေကြောင်း တင်ပြလိုပါတယ်။ ရောဂါရဲ့

ကူးစက်နိုင်တဲ့အကြောင်း လက္ခဏာဖြစ်လို့ရှိရင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ လှည်းနေလှေ အောင်းမြင်းစောင်းမကျန်သိအောင်လုပ်နိုင်တဲ့ အဆိုရှင်ရဲ့နည်းဟာ ငွေကုန်ကြေးကျနည်းပြီး လူထု အခြေပြုနည်းတွေဖြစ်တဲ့အတွက် ပိုမိုထက်မြက်ထိရောက်တဲ့ ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယခင်က Sar နဲ့ H1N1 ဖြစ်ခဲ့တုန်းကလည်းပဲ ရည်မှန်းချက်သုံးရပ်ထားပြီး ဆောင်ရွက် ခဲ့တာ တွေ့ရပါတယ်။ ရောဂါဖြစ်သူတွေကိုကုသရန်၊ ပြန့်ပွားမှုကိုထိန်းချုပ်ရန်နှင့် နောက်တစ်ချက် ကတော့ ပြည်သူများရဲ့ယုံကြည်မှုကို ပြန်လည်ရယူရန်၊ နောက်တစ်ချက်ကတော့ WHO ရဲ့ ကပ်ရောဂါ ကင်းရှင်းကြောင်း အသိအမှတ်ပြုမှုကို အမြန်ဆုံးအကောင်အထည်ဖော်ရန်တို့ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအနေနဲ့ နှစ်ပိုင်းခွဲခြားပြီးတော့ ဆောင်ရွက်နိုင်တာတွေ့ရပါတယ်။ (၁) ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုတဲ့ Crisis Management နဲ့ သတင်းထုတ်ပြန်ခြင်းနှင့် ကြိုတင်ပညာပေးခြင်းဆိုတဲ့ Crisis Communication တို့ပဲ ဖြစ်ပါတယ်။ ဒီလုပ်နည်းတွေထဲက ကာကွယ်ရန် ဆိုတဲ့အချက်ကို ဖြစ်မှကုသခြင်းထက်၊ မဖြစ်ခင် ပြည်သူတွေက ကြိုတင်ကာကွယ်ဖို့ဆိုရင် H1N1 ရဲ့ အကြောင်းကို ကောင်းကောင်းသိဖို့လိုပါတယ်။ နိုင်ငံမှာ လူတွေဘယ်လောက်ကို ပညာပေး ပြီးပြီးလဲ၊ Internet Facebook၊ TV ကိုကြည့်တဲ့ လူဦးရေဘယ်လောက်ရှိလဲ၊ တကယ်တော့ ဒီကိစ္စဟာ လူတွေနမော်နမဲ့နေလို့မရအောင် ပြောတဲ့သူတွေကတော့ H1N1 အကြောင်းပြောဖို့ လိုပါလိမ့်မယ်။ ဒါမှ ပြည်သူတွေ H1N1 အကြောင်းသိပြီး အပြည့်အဝကာကွယ်တတ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အခု H1N1 ကြောင့် သေဆုံးသွားတဲ့နေရာတွေကြည့်လိုက်တော့ လူနေထူထပ်တဲ့လမ်းပေါ်မှာ၊ လူတွေပြည့်နေတဲ့၊ ဘတ်(စ်)ကားတိုးစီးရတဲ့၊ ရထား၊ သင်္ဘော၊ လေဆိပ်၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံးတွေစတဲ့ လူနေထူထပ်တဲ့ အရပ်တွေဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ကူးစက်ရန်နှုန်းမြန်တဲ့နေရာမှာဆိုရင် အဆိုရှင်ပြောသလို ကားဂိတ်တွေ၊ ဘတ်(စ်)ကားစီးသူတွေ၊ ရထားစီးသူတွေ၊ လက်ကမ်းစာစောင်ကိုဖြစ်မနေ ဝေငှသင့်ပါတယ်။ ပြီးတော့ လမ်းထောင့်တွေမှာ သတိပြုဖွယ် ဘုတ်တွေထောင်ဖို့လိုပါတယ်။ ကျောင်းတွေ၊ စက်ရုံတွေမှာ၊ ဟောပြောပွဲအပြင် နံရံကပ် စာစောင်တွေလည်း ထားရှိဖို့လိုမှာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က စတင်ဖြစ်ခါစက ပြည်သူများနှင့် ကျောင်းနေအရွယ် ကလေးတွေမဖြစ်ရအောင် ၂၇-၄-၂၀၀၉ ရက်နေ့မှာ သတိပေးနှိုးဆော်ချက် ထုတ်ဝေခြင်း၊ ၁၁-၆-၂၀၀၉ ရက်နေ့မှာ H1N1 အကြောင်း စာစောင်ထုတ်ဝေခြင်း၊ ၅-၈-၂၀၀၉ ရက်နေ့မှာ H1N1 ရောဂါဖြစ်ပွားတဲ့ နိုင်ငံများရဲ့အကြောင်း ရုပ်မြင်သံကြားများမှ နေ့စဉ်ထုတ်လွှင့်ခြင်း၊ သတင်းစာ၊ ဂျာနယ်များမှ ရောဂါလက္ခဏာများကို နေ့စဉ်စာလုံးအမည်းများဖြင့် ဖော်ပြခြင်း၊

ကျောင်းများမှာ ဟောပြောခြင်း၊ နှာစေးချောင်းဆိုးရင် လိုက်နာရမယ့်နည်းလမ်းတွေ၊ လက်များမကြာခဏဆေးကြောခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့် ဆရာဆရာမများအနေဖြင့်လည်း ကျောင်းသားကျောင်းသူများရဲ့ကျန်းမာရေးအခြေအနေကို အမြဲဂရုစိုက်ခြင်းစသည်တို့ကို ဆောင်ရွက်တာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ H1 N1 ရောဂါဟာ လူ ၃၀ ဦးမှာ ၆ ဦးသေဆုံးနေ၍ စိုးရိမ်စရာအနေအထားကို ရောက်ရှိနေတာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းဖြင့်ဆောင်ရွက်လို့မရပါ။ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့များဖြင့် အဆိုရှင်တင်ပြခဲ့သလို ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ပါမှ ကပ်ရောဂါအသွင်(Pandemic)သို့ ကူးပြောင်းခြင်းကို ထိန်းချုပ်နိုင်မယ်လို့ ထင်မြင်တဲ့အတွက် အဆိုရှင်ရဲ့အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း တင်သွင်းတဲ့ အရေးကြီးအဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအရေးကြီးအဆိုကိုဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းထွန်းတင်သွင်းတဲ့ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1 N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်(စ်)ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသောအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၃၁-၇-၂၀၁၇ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့
# (၂၈.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးစိုင်းဝေါင်းဆိုင်ဟိန်း
(မောက်မယ် မဲဆန္ဒနယ်)



ဦးခင်မောင်သီ
(လွိုင်လင် မဲဆန္ဒနယ်)



ဦးမြင့်ဦး
(သနပ်ပင် မဲဆန္ဒနယ်)



ဒေါ်နီနီမေမြင့်
(တောင်ကုတ် မဲဆန္ဒနယ်)



ဦးနိုင်နိုင်ဝင်း
(တမူး မဲဆန္ဒနယ်)



ဦးခင်မောင်မြင့်
(ရပ်စောက် မဲဆန္ဒနယ်)



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်